# ကရင့်နိုင်ငံရေး

ဖူးဘသင်စိန်





နိဒါန်း

ဤစာအုပ်ဖြစ်ပေါ်လာရခြင်း၏ မူလရည်ရွယ်ချက်မှာ ကျောင်းအတွင်း ပညာသင်ကြားနေသော လူငယ်များအတွက် ကရင်တစ်မျိုးသားလုံး (အမျိုးသမီးအပါအဝင်) ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ရေးအတွက် ကရင်တစ်မျိုးသားလုံး၏ ကြိုးပမ်းမှုကို သိရှိစေရန်ဖြစ်သည်။ တစ်ချိန်တည်းတွင် လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာ၌ နိုင်ငံရေးဆိုသည့် ဝေါဟာရကို စိတ်ဝင်စားမှု ရှိနေစဉ် ယခုအချိန်အခါတွင် ပိုမိုနားလည်စေရန် စုစည်းတင်ပြရခြင်းလည်း ဖြစ်သည်။ ဤကဲ့သို့ ကရင်တစ်မျိုးသားလုံး၏ လွတ်မြောက်ရေးအတွက် ကရင့်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုကိုသိရှိစေရန် ခေတ်ပုံနှင့်တကွ ကြိုးစား စုစည်း ဖော်ပြထားပါသည်။

အတိုချုပ်ဆိုရသော် ကရင်လူငယ်များ ကရင်သမိုင်းအကျဉ်းကို ပိုမိုနားလည်ပြီး နိုင်ငံရေးအသိစိတ် နိုးကြားကာ ကရင်လူမျိုးတို့ ထုတ်ဖော်ထားသော လိုအင်ဆန္ဒဖြစ်သည့် ကရင်ပြည်လွတ်လပ်ရေး၊ နောင်လာမည့် သားစဉ်မြေးဆက် ဖိနှိပ်ချုပ်ခြယ်မှုအမျိုးမျိုးမှ လွတ်မြောက်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန်အတွက် ကရင်တစ်မျိုးသားလုံး၏ ကြိုးပမ်းမှုအား ပြီးဆုံးသည့်တိုင် ဆက်လက်လုပ်ဆောင်ရန် သမိုင်းပေးတာဝန်များ ကိုယ်စီရှိပါကြောင်း တင်ပြရင်း . . .

ဖူးဘာသင်စိန်

ဥက္ကဋ္ဌ
ကရင်အမျိုးသားအစည်းအရုံး
(ကေအဲန်ယူ) ဗဟို။

(၁) တော်လှန်ရေးဆိုသည်မှာ အဘယ်နည်း။
(၂) ဘ၀ဆိုသည်မှာ အဘယ်နည်း။
(၃) နိုင်ငံရေးဆိုသည်မှာ အဘယ်နည်း။
(၄) ကရင့်တော်လှန်ရေး၏ လုပ်ငန်းစဉ်များမှာ အဘယ်နည်း။
(၅) ကျောင်းသူကျောင်းသားနှင့် ကျောင်းဆရာဆရာမများ ကရင့်တော်လှန်ရေးတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သနည်း။
(၆) ဒီမိုကရေစီဆိုသည်မှာ အဘယ်နည်း။
(၇) ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ အဘယ်နည်း။
(၈) ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီး၏ မူ(၄)ချက်။
(၉) အရင်းရှင်ဝါဒနှင့် ဒီမိုကရေစီစနစ်တို့၏ ကွာခြားချက်။
(၁၀) ကေအဲန်ယူ၏တော်လှန်ရေးကြောင့်ပြိုကျခဲ့သော ရန်သူအဖွဲ့ပေါင်း မည်မျှ ရှိသနည်း။
(၁၁) ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဖြစ်ပေါ်လာပုံ။
(၁၂) စည်းလုံးညီညွတ်ရေးဆိုသည်မှာ အဘယ်နည်း။
(၁၃) မည်သည့်အကြောင်းကြောင့် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရသနည်း။
(၁၄) ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၏ လုပ်ငန်းစဉ်နှင့် ဦးဆောင်မှု၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။
(၁၅) ကရင့်တော်လှန်ရေးသည် မည်သည့်တော်လှန်ရေးမျိုးဖြစ်သနည်း။
(၁၆) နှစ်ပေါင်း (၅၅)နှစ်ကြာ ကရင့်တော်လှန်ရေး၏ အကျိုးကျေးဇူးများမှာ အဘယ် နည်း။
(၁၇) ကရင်ပြည်နယ် ရရှိသော်လည်း အဘယ့်ကြောင့် တော်လှန်ရေးလုပ်ရသနည်း။
(၁၈) ကရင်အမျိုးသားလွတ်မြောက်ရေး မရလျှင် ကရင့်အခြေအနေ မည်သို့ရှိမည်နည်း။
(၁၉) နိုင်ငံ့ဦးဆောင်သူ မဟာဗမာဝါဒီများ မည်သို့ညှဉ်းပန်း နှိပ်စက်သနည်း။
(၂၀) ကရင့်တော်လှန်ရေး အမှန်တကယ်အောင်မြင်ရမည်။
(၂၁) ကရင့်အမျိုးသားအလံတော်အကြောင်း။
(၂၂) ကရင့်ယဉ်ကျေးမှု ဖားစည်အကြောင်း။
(၂၃) ကရင်နှစ်သစ်ကူးနေ့အကြောင်း။
(၂၄) ကရင်လူဦးရေ။
(၂၅) အရေးကြီးနေ့ထူးနေ့ရက်များ။
(၂၆) ကရင့်အာဇာနည်များအကြောင်း။

## (၁) တော်လှန်ရေးဆိုသည်မှာ အဘယ်နည်း။

လူမျိုးတစ်မျိုးဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ရန်အတွက်နှင့် အခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိရန် ခုခံတော်လှန်ရသော နိုင်ငံရေး၊ လူမှု စီးပွားရေးအတွက် တော်လှန်သော အဖွဲ့တစ်ရပ်ဖြစ်သည်။ ၄င်း မတိုင်မီ တော်လှန်ရေးဆိုသည်မှာ–

- မကောင်းမှုဒုစရိုက်များ မဖြစ်စေရန် ကျွန်ုပ်တို့ကြိုးစားဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ခြင်း။
- ကျွန်ဘဝမှ လွတ်မြောက်စေရန်နှင့် လွတ်လပ်စွာ(ဂုဏ်သိက္ခာရှိရှိ) အသက်ရှင် နေထိုင်နိုင်ရန် ကျွန်ုပ်တို့ ဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ခြင်း။
- ယနေ့လက်ရှိဘဝတွင် အဆင့်အတန်းရှိရှိ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့ဆောင်ရွက်သော လုပ်ငန်းစဉ်ဖြစ်ခြင်း။
- တစ်ကမ္ဘာလုံးရှိ သူများနှင့် ပခုံးချင်း ယှဉ်နိုင်သူများဖြစ်ပြီး မမှန်သည်ကို အမှန်ဖြစ်စေရန် လုပ်ဆောင်ခြင်း၊ မကောင်းမှုမှ ကောင်းမှုဖြစ်စေခြင်း။
- ကျွန်ုပ်တို့ကရင်လူမျိုးများအခွင့်အရေး ပြည့်ပြည့်ဝဝဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် လွတ်လပ်သော ကရင်ပြည် တည်ထောင်ခြင်းအတွက် ကြိုးပမ်းခြင်း။
- ဖိနှိပ်ချုပ်ခြယ်ခံဘဝမှ လွတ်မြောက်၍ အသစ်သော အသက်ရှင်မှုဘဝကို ပြောင်းလဲစေရန် ကျွန်ုပ်တို့ ကရင်လူမျိုးတို့ကြိုးပမ်းခြင်း။

## (၂) ဘဝဆိုသည်မှာ အဘယ်နည်း။

အသက်ရှင်နေထိုင်နိုင်ရေးအတွက် လူသားအားလုံး အောက်ပါ အချက်အလက်များလိုအပ်သည်။

- အစားအသောက်။
- အဝတ်အစား။
- အဆောက်အဦ(နေထိုင်ရာအိမ်)။

ထို့ကြောင့် အသက်ရှင်နေထိုင်ရပ်တည်ရေးအတွက် စားသောက်ရန်၊ ဝတ်ရန်နှင့် နေထိုင်ရာအိမ် စသည်ဖြင့် ပုံစံအမျိုးမျိုးလိုအပ်သည်။

## (၃) နိုင်ငံရေးဆိုသည်မှာ အဘယ်နည်း။

အိမ်တစ်အိမ် (သို့) မိသားစုတစ်ခုတွင် အိမ်သူအိမ်သားများ စားသောက်ရန်အတွက် သော်လည်းကောင်း၊ ဝတ်ရန်အတွက်သော်လည်းကောင်း၊ လုံခြုံစွာ နေထိုင်ရန်အတွက်သော်လည်းကောင်း စသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရခြင်းသည် အိမ်ထောင်ရေးပင် ဖြစ်သည်။ ထိုကဲ့သို့ မိသားစုများ တစ်နေရာတည်းတွင် စုစည်းနေထိုင်လာရာမှ ကျေးရွာ ဖြစ်လာပြီး၊ ၎င်းတို့နှင့် ပတ်သက်သော အရေးအရာများကို ကျေးရွာအရေး၊ ထိုမှတဖန် ကျယ်ပြန့်လာရာမှ မြို့နယ်ဖြစ်လာပြီး မြို့နယ်အရေး၊ ၎င်းနောက် တစ်ဆင့် ဖြစ်လာလျှင် ခရိုင်၊ ၎င်းတို့မှ တဆင့် တစ်နိုင်ငံလုံး၏အရေးဖြစ်လာလျှင် နိုင်ငံရေးပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် နိုင်ငံတစ်နိုင်ငံ (တိုင်းပြည်တစ်ပြည်) အတွင်း နေထိုင်ကြသောကြောင့် ကျွန်ုပ်တို့၌ ဖြစ်ပေါ်လာသမျှသော အကြောင်းအရာများသည် နိုင်ငံရေးပင် ဖြစ်သည်။

## (၄) ကရင့်တော်လှန်ရေး၏ လုပ်ငန်းစဉ်များမှာ အဘယ်နည်း။

ကရင့်တော်လှန်ရေးလုပ်ဆောင်ပုံအမျိုးမျိုးမှာ–

- နိုင်ငံရေးလုပ်ဆောင်မှုများ– နိုင်ငံ့အရေးအရာ၊
- မဟာမိတ်– ပူးပေါင်းဆောင်ရွက်ခြင်းများ၊
- စီးပွားရေး– အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ဆောင်မှုများ၊
- စစ်ဘက်ဆိုင်ရာလုပ်ဆောင်မှုများ– ပြင်ဆင်ရေး၊ ကာကွယ်ရေး၊ တော်လှန်ရေး၊
- နိုင်ငံရေးကျင့်သုံးမှုစနစ်– ပြည်သူများဆန္ဒနှင့်အညီ အုပ်ချုပ်ခြင်း၊
- လူမှုရေးလုပ်ငန်းများ– အသက်ရှင်မှုဆိုင်ရာ လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေး၊ စားသောက်ရေး စသည့် လူမှုရေးဆိုင်ရာ လုပ်ငန်းများ၊

## (၅) ကျောင်းဆရာ၊ ဆရာမများ ကရင့်တော်လှန်ရေးကို အထောက် အကူ ပြုနိုင်သည့် နည်းလမ်းများ

ပညာရေးကဏ္ဍတွင် ပါဝင်နေသော ကျောင်းဆရာ၊ ဆရာမများ အနေဖြင့် တော်လှန်ရေး၏တာဝန်ဖြစ်သော ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်ပါးသူများနှင့် ရင်ပေါင်တန်းနိုင်စေသော ပညာရေးဆိုင်ရာကဏ္ဍ များ၊ သူတစ်ပါး မလိမ်လည် မလှည့်ဖျားနိုင်စေရန် အကယ်စင်စစ် ပညာရေး ဟူသည် မိမိအသက်ရှင်မှုဘဝ တိုးတက်စေရေးအတွက် ဖြစ်သည်။ အသိပညာ ရှိလျှင် သူတစ်ပါးလွယ်ကူစွာ အနိုင်ကျင့်နိုင်မည်မဟုတ်ပေ။ ကရင်အမျိုးသား အစည်းအရုံးအား လိုက်နာအားပေးလုပ်ဆောင်ခြင်း– ကရင်အမျိုးသား အစည်းအရုံး၏ လမ်းညွှန်ချက်များ၊ လမ်းပြပေးခြင်းများ ဖြစ်သည်။

## (၆) ဒီမိုကရေစီဆိုသည်မှာ အဘယ်နည်း။

ဒီမိုကရေစီဆိုသည့် စကားလုံး၏ မူလစကားလုံးမှာ ဂရိဘာသာစကား Demokratia မှ ဆင်းသက်လာခြင်းဖြစ်ပြီး Demo ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်မှာ ပြည်သူလူထုဟု အဓိပ္ပာယ်ရပြီး Kratia ဆိုသည်မှာ အုပ်ချုပ်မှု စနစ်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ပြည်သူ့အုပ်ချုပ်မှုစနစ်ဟု အဓိပ္ပာယ် ရသည်။ ဒီမိုကရေစီ (Democracy) စနစ်ဖြင့် အုပ်ချုပ်ခြင်းဆိုသည်မှာ ပြည်သူပြည်သားများ၏ လွတ်လပ်မှုဖြင့် ရွေးကောက်ထားသော ခေါင်းဆောင် များမှ အုပ်ချုပ်ခြင်း၊ တစ်နည်းအားဖြင့် လွတ်လပ်မှုရှိခြင်းပင် ဖြစ်သည်။

- မိမိခေါင်းဆောင်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိခြင်း၊
- အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည့်ကိစ္စရပ်များတွင် လွတ်လပ်မှု ရှိခြင်း၊
- တရားစီရင်ရေးကိစ္စများ မှန်မှန်ကန်ကန်ဆုံးဖြတ်ရာ၌ တရားဥပဒေနှင့် အညီ ဆောင်ရွက်နိုင်မှုတွင် လွတ်လပ်မှုရှိခြင်း၊

အကျယ်ချဲ့ရမည်ဆိုလျှင်–

(၁) လွတ်လပ်စွာ စုစည်း,စည်းဝေးခွင့်၊

(၂) လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်၊

(၃) လွတ်လပ်စွာ နိုင်ငံရေးအသင်း အဖွဲ့များ ဖွဲ့စည်းခွင့် စသည်တို့ဖြစ်သည်။

ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်အတွက် အဆက်ဆက် ကြိုးပမ်းရာ တွင် ထူးထူးခြားခြားအနေဖြင့် စစ်ပွဲကြီး နှစ်ကြိမ် တိုင်တိုင် ဖြစ်ပေါ်ခဲ့ပြီးနောက် ပြောင်းလဲမှုကြီးများ ဖြစ်ပေါ်စေခဲ့သည်။

## (၇) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ အဘယ်နည်း။

မိမိကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ မိမိ၏ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အတူ လူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခြင်း၊ မိမိဆန္ဒအလျောက် လုပ်ဆောင်ချင်သောအရာကို လုပ်ဆောင်နိုင်ရန် ပြည့်ပြည့်ဝဝ ရရှိထားသော လူ့အခွင့်အရေး တစ်ရပ်ပင်ဖြစ်သည်။ အဘယ်သူမှ နှောင့်ယှက်ဖျက်ဆီးခွင့်မရှိပါ။ ပွင့်ပွင့်လင်းလင်း တင်ပြရမည် ဆိုလျှင် မိမိလုပ်ဆောင်ချင်သောအရာကို လုပ်ဆောင်ခွင့် ရှိခြင်းပင် ဖြစ်သည်။ ဥပမာ– အိမ်ထောင်တစ်စုအတွင်းရှိ မိသားစု တစ်ဦးချင်းစီ၏ ရှေ့ဆက် အသက်ရှင်ရပ်တည်ရေးအတွက် သင့်လျော်မည့် ကောင်းကျိုးရာရာ နည်းလမ်းများ သိရှိလုပ်ဆောင်နိုင်သည်။ သူတစ်ပါး ဟန့်တား နှောင့်ယှက်ဖျက်ဆီးစရာ အကြောင်းမရှိပါ။ ထိုနည်းတူ၄င်း လူမျိုးတစ်မျိုး အနေဖြင့် ပြည်ထောင်စုအတွင်း နေထိုင်ရာတွင်လည်း ဖက်ဒရယ် (Federal) ပြည်ထောင်စုဖြင့် တည်ဆောက်နိုင်သည်။ ၄င်းအပြင် ပြည်ထောင်စုအတွင်း မနေထိုင်လိုပါကလည်း ခွဲထွက်လိုက ခွဲထွက်ခွင့်အာဏာ အပြည့်အဝ ရရှိထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ် (Federal) ပြည်ထောင်စု ကျင့်သုံးနိုင်မည့် နိုင်ငံအနေဖြင့် အတူယှဉ်တွဲနေထိုင်မည့် မူဘောင်ပေါ်တွင် အခြေခံပြီး သဘောတူညီစွာဖြင့် နိုင်ငံတော်အာဏာကို (Federal) ပြည်ထောင်စုအစိုးရကို အပ်နှင်းခြင်းဖြစ်သည်။ အတင်းအကျပ်တိုက်တွန်းခြင်း မဟုတ်ပါ။ ထို့ကြောင့် ဖက်ဒရယ် (Federal) ပြည်ထောင်စုသွင်ပြင်လက္ခဏာအနေဖြင့် နိုင်ငံတော်အာဏာကို ဥပဒေ စည်းမျဉ်း စည်းကမ်းများရေးဆွဲ၍ အာဏာခွဲဝေခြင်းကို အများဆန္ဒဖြင့် အတည်ပြုပြီး စည်းမျဉ်းစည်းကမ်းအရ ပြည်ထောင်စု အတွင်း ကျင့်သုံးခြင်းဖြစ်သည်။

## (၈) ဥက္ကဋ္ဌကြီး စောဘဦးကြီး၏ မူ (၄)ချက်

- လက်နက်ချစကား အလျှင်းမပြောရ။
- ကရင့်လက်နက် ကရင့်လက်ထဲတွင် ရှိရမည်။
- ကရင်ပြည်အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်။
- ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမည်။

## (၉) အရင်းရှင်ဝါဒ(ငွေရှင်ကြေးရှင်/ဓနရှင်) နှင့် ဒီမိုကရေစီ တို့၏ ကွာခြားချက်

- ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများဖြင့် အုပ်ချုပ်ခြင်းဖြစ်သည်။ အရင်းရှင် စနစ်ဆိုသည်မှာ ငွေရှင် ကြေးရှင်၊ ဓနရှင်များ(Capitalism)၏ အုပ်ချုပ်ခြင်း။
- အရင်းရှင်စနစ်(ဝါဒ)အနေဖြင့် ငွေကြေးကိုသာ အဓိကထားသောကြောင့် ငွေကြေးတတ်နိုင်သူသာ အနိုင်ရစေသော စနစ်ဖြစ်သည်။
- အရင်းရှင်စနစ်အနေဖြင့် (ဗျူရိုကရေစီနည်းစဉ်အရ) ၎င်းအရင်းရှင်တို့၏ အကျိုးကိုသာကြည့်၍ လုပ်ဆောင်ကြသည်။
- အရင်းရှင်တို့အနေဖြင့် အာဏာကို ၎င်းတို့လက်ဝယ်တွင်သာထားရှိ၍ မိမိတို့အကျိုးငှာ ဆောင်ရွက်ကြသည်။

## (၁၀) ကေအဲန်ယူ၏တော်လှန်ရေးကြောင့် ရန်သူအစိုးရ ဘယ်နှစ်ဖွဲ့ ပြိုကျခဲ့သနည်း။

ကေအဲန်ယူ(ကရင်အမျိုးသားအစည်းအရုံး)၏ တော်လှန်ရေးကြောင့် ကျဆုံးခဲ့သောရန်သူအဖွဲ့များမှာ–

- ဝန်ကြီးချုပ်ဦးနု ဦးဆောင်ခဲ့သော ဖဆပလအစိုးရ (AFPFL) (၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်)
- ဗိုလ်နေဝင်းအစိုးရတော်လှန်ရေးကောင်စီ– ဗိုလ်နေဝင်း(အိမ်စောင့်အစိုးရ) (၁၉၅၉ခု နှစ် မှ ၁၉၆၀ ခုနှစ်)
- ဝန်ကြီးချုပ်ဦးနု ဦးဆောင်ခဲ့သော သန့်ရှင်း(ဖဆပလအစိုးရ) (၁၉၆၀ ခုနှစ် မှ ၁၉၆၁ ခုနှစ်)
- ဝန်ကြီးချုပ်ဦးနုဦးဆောင်ခဲ့သော ပထစအစိုးရ (ပြည်ထောင်စုအစိုးရ) (၁၉၆၁ ခုနှစ် မှ ၁၉၆၂ ခုနှစ်)
- တော်လှန်ရေးကောင်စီ (RC) (၁၉၆၃ ခုနှစ်မှ––––)
- မဆလ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်/BSPP- Burma Socialist Progressive Party)
- နဝတ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး/ SLORC-the State Law and Order Restoration Council)
- နအဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ/SPDC- State Peace and Development Council) စစ်အာဏာရှင်စနစ်များ ဖြစ်သည်။

## (၁၁) ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ပုံသဏ္ဍာန်နှင့် ဖြစ်တည်လာပုံ

ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး ဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

### (က) KNU–ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီ အစည်းအဝေးကြီး (ကွန်ဂရက်–Congress)

KNU– ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ဗဟိုကော်မတီ အစည်းအဝေးကို လေးနှစ်တကြိမ် ကျင်းပပြီး ခေါင်းဆောင်များကို ပြန်လှန်ရွေးချယ်တင်မြှောက်လေ့ရှိသည်။ ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ဗဟိုအမြဲတမ်းကော်မတီဝင် (၃၀)ဦး ရှိရမည်ဖြစ်ပြီး ၎င်းတွင် အမျိုးသမီးအနည်းဆုံး (၃)ဦး ပါဝင်ရမည်ဖြစ်သည်။ ထို့အပြင် KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီကို (၁၅)ဦး ရွေးချယ်ရမည်ဖြစ်ပြီး စုစုပေါင်း ဗဟိုကော်မတီဝင် ၃၀+၁၅=၄၅ ဦး ပါဝင်သည်။ ၎င်းတို့၏တာဝန်မှာ လေးနှစ်တာ ကာလအတွင်း ကရင့်ပြည်သူလူထုအား ဦးဆောင်မှုအခန်း ကဏ္ဍမှ တာဝန်ယူရမည်ဖြစ်ပြီး လေးနှစ်တစ်ကြိမ် ကျင်းပသော ကွန်ဂရက် အထိ တာဝန်ယူရမည် ဖြစ်သည်။

### (ခ) ဗဟိုကော်မတီ

ဗဟိုကော်မတီ(၁၁)ဦးအနေဖြင့် ဗဟိုအမြဲတမ်းကော်မတီဝင်များကို လေးနှစ်တာအတွင်း အစီရင်ခံတင်ပြရပြီး။

### (ဂ) ခရိုင်

### (ဃ) မြို့နယ်

### (င) အုပ်စုနှင့်ကျေးရွာ

တစ်နှစ်တစ်ကြိမ် ကျင်းပသော ကျေးရွာအစည်းအဝေးရှိပြီး ၎င်းတွင် ကော်မတီဝင် (၇)ဦး ပါဝင်သည်။

## (၁၂) အမှန်တကယ်စည်းလုံးညီညွတ်ခြင်းဆိုသည်မှာအဘယ်နည်း။

စည်းလုံးညီညွတ်ခြင်းဆိုသည်မှာ သဘောတရားအရ ညီညွတ်မှု၊ လက်တွေ့လုပ်ငန်းအရ ညီညွတ်မှု၊ စည်းကမ်းအရညီညွတ်မှု။

## (၁၃) အဘယ်ကြောင့် လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်ကို လုပ်ဆောင်ရသနည်း။

မြန်မာနိုင်ငံဟုခေါ်သော ကျွန်ုပ်တို့နိုင်ငံသည် ရှေးယခင်ဘိုးဘွားများ စကားပုံ၊ တဘောင်များအရ ကရင်လူမျိုးများ၏နေရာဖြစ်သည်။ သို့သော်လည်း မွန်လူမျိုးများ၊ ဗမာလူမျိုးများ၏အနိုင်ကျင့်မှုများကြောင့် ကရင်လူမျိုးများမှာ တောင်ပေါ်ဒေသများသို့လည်းကောင်း၊ တချို့မှာ မြစ်ဝ ကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ တချို့မှာ တောနက်ထဲသို့လည်းကောင်း ရောက်ရှိသွားရသဖြင့် တခြားလူမျိုးများ၏ ကြီးစိုးမှုအောက်တွင် ကရင်အမျိုးသားများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများ၊ ယဉ်ကျေးမှုများ အဘက်ဘက်မှ နိမ့်ကျခဲ့ရ၍ လူမျိုးပင်ပျောက်ကွယ်လုနီးနီး စိုးရိမ်ရသော အခြေအနေသို့ ဆိုက်ရောက်နေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်ဂျပန်များ ကြီးစိုးနေချိန်တွင် မတရားညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းနှင့် အမျိုးသမီးများအား အဓမ္မပြုကျင့်ခြင်းများ မြောက်များစွာ ခံခဲ့ရသောကြောင့် ကရင်လူမျိုးအနေဖြင့် မိမိခေါင်းဆောင်၊ မိမိနိုင်ငံနှင့် လွတ်လပ်စွာ မိမိကံကြမ္မာဖန်တီးခွင့်ရရှိရန် လိုအပ်လာသည်။ ကရင်လူမျိုးများ မိမိနိုင်ငံနှင့်ရှိပါက တခြားသောလူမျိုးများကဲ့သို့ ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက် မွေးဝမ်းကြောင်းမှု လုပ်ငန်းများ၊ မိမိလူမျိုးနှင့် ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး လူမျိုးတစ်မျိုးအနေဖြင့် ဆက်လက်ရပ်တည်ရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်မှုအောက်တွင် အနယ်နယ် အရပ်ရပ်မှ ကရင်များ၏ ကြွေးကြော်သံ (၄)ရပ် အနေဖြင့် ထုတ်ဖော် ဆန္ဒပြခဲ့ကြသည်။

(၁) ကရင်ပြည်ချက်ချင်း (တချိန်တည်း) ပေး။

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ။

(၃) လူမျိုးရေးအဓိကရုဏ်းအလိုမရှိ။

(၄) ပြည်တွင်းစစ် အလိုမရှိ။

ထိုကဲ့သို့ ငြိမ်းချမ်းတိတ်ဆိတ်စွာ ဆန္ဒပြခဲ့ကြသော်လည်း ဖဆပလ (ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး) စစ်တပ်များမှ ကရင်များ နေထိုင်သော အင်းစိန်နှင့် သမိုင်းရပ်ကွက်များကို မီးရှို့ဖျက်ဆီးခဲ့ကြခြင်းကို ကာကွယ်ရန်အတွက် ခုခံတော်လှန်ရေးစစ်ကို ထိုအချိန်မှ စတင်ခဲ့ရသည်။

## (၁၄) ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ လုပ်ငန်းစဉ်နှင့် ဦးဆောင်မှု၏ အကျိုးကျေးဇူးများ

(က) ကေအဲန်ယူ (KNU-Karen National Union) ကရင်အမျိုးသား အစည်းအရုံးသည် ကရင်တစ်မျိုးသားလုံး၏ မိခင်အဖွဲ့အစည်း ဖြစ်သည်။ သင်ခန်းစာအနေဖြင့် ကေအဲန်ယူသည် ကရင်တစ်မျိုးသား လုံးကို ဖိနှိပ်ချုပ်ခြယ်ထားသော မဟာဗမာဝါဒကြီးစိုးမှုမှ လွတ်မြောက်နိုင်ရန် ဦးဆောင်တိုက်ပွဲဝင်သော ကရင်အဖွဲ့အစည်းများ ဖြင့် စုပေါင်းထားသော တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်သည်။

(ခ) ကရင်တမျိုးသားလုံး၏ဆန္ဒကို ထင်ဟပ်စေသော ကြွေးကျော်သံ (၄)ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ကရင်ပြည်ချက်ချင်း (တစ်ချိန်တည်း) ပေး။

(၂) ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ။

(၃) လူမျိုးရေးအဓိကရုဏ်း အလိုမရှိ။

(၄) ပြည်တွင်းစစ်အလိုမရှိ။

ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သော ဆန္ဒထုတ်ဖော်မှုကြောင့် ကရင်အမျိုးသားများ၏ နိုင်ငံရေးအမြင် ကျယ်ပြန့်လာပြီး မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းလာကာ မဟာဗမာဝါဒ ကြီးစိုးဖိနှိပ်ချုပ်ခြယ်မှုဒဏ်မှ လွတ်မြောက်ရန်အတွက် ယနေ့ထိတိုင် တိုက်ပွဲဝင်လျက်ရှိသည်။

(၅၅)နှစ်တာ တော်လှန်ရေး လုပ်ဆောင်ခဲ့စဉ်အတွင်း ပြန်လည်သုံးသပ်ရာတွင်–

(က) ကရင်အမျိုးသားအစည်းအရုံး၏ တော်လှန်ရေးနှင့် ဂုဏ်သိက္ခာ ကျဆင်းရန်အတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ်အတုကို သတ်မှတ် ပေးခဲ့ခြင်း။

(ခ) ကရင်လူမျိုးမပျောက်ပျက်ဘဲ ကရင်လူမျိုးနှင့် ၎င်းတို့၏တော်လှန်ရေးကို ပို၍အားပေးထောက်ခံလာကြခြင်း။

(ဂ) ကရင့်နိုင်ငံရေးကို ပို၍တိုး၍သိလာပြီး အချိန်ပေးမှု ပိုများလာခြင်း။

(ဃ) ကရင့်နေ့ထူးနေ့မြတ်များ ပိုများလာခြင်း။

(င) ကရင်ပြည်အမှန်တကယ်ရရှိရန်အတွက် လိုအပ်ကြောင်း ယုံကြည်မှုများ ပို၍တိုး၍အားကောင်းလာခြင်း။

ကရင့်တော်လှန်ရေးဖြတ်သန်းခဲ့ရသော သမိုင်းတစ်လျှောက်လုံး ပြန်လည်သုံးသပ်ရာတွင် ရန်သူကျဆုံး စေရန်အတွက် ကေအဲန်ယူ၏ ကရင့်တော်လှန်ရေးလမ်းစဉ်ကို ချမှတ်နိုင်ခဲ့သည်။ ကေအဲန်ယူ၏ ကရင့် တော်လှန်ရေးလမ်းစဉ်တစ်လျှောက်လုံး ကရင်ပြည်အမှန်တကယ် အပြည့်အဝရရှိရမည် ဟု ခိုင်မာစွာ စိတ်ရှည်သည်းခံလျက် ရပ်တည်လာခဲ့ကြသည်။ ကရင့်တော်လှန်ရေးကို ကရင်အမျိုးသားတစ်ရပ်လုံးက တစ်စိတ်တည်းတစ်ဝမ်းတည်း ထောက်ခံအားပေးသကဲ့သို့ လူမျိုးတိုင်းကလည်း အားပေးထောက်ပံ့ခဲ့ကြသည်။

ကေအဲန်ယူ– ကရင့်တော်လှန်ရေးသည် တစ်ခြားသောလက်နက်ကိုင်တော်လှန်ရေးကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ဆောင်ခြင်းကိုလည်း ရှင်းလင်းစွာနားလည် သဘောပေါက်စေရန် ကေအဲန်ယူမှ ကရင့်တော်လှန်ရေး

သမားများအား လမ်းညွှန် ပေးနိုင်ခဲ့သည်။ ဥပမာ–BCP(Burma Communist Party) ဗမာပြည် ကွန်မြူနစ်ပါတီလမ်းစဉ်နှင့် မတူခြင်း။ တစ်ဖန် တော်လှန် ရေး၏ အားလုံးသော ဘုံရန်သူမှာ မဟာဗမာဝါဒကျင့်သုံးသော အစိုးရဖြစ်ကြောင်း အားလုံးသိရှိရန် လမ်းညွှန်ပေးနိုင်ခဲ့သည်။

ရှေ့ဆက်ပြီး ကေအဲန်ယူ၏ဦးဆောင် စီစဉ်မှုကြောင့် ရိုးရာယဉ်ကျေးမှု များ ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိထားခြင်းလည်းဖြစ်ကြောင်း တွေ့မြင်ရမည် ဖြစ်သည်။

(က) ကရင်နှစ်သစ်ကူး

(ခ) ကရင့်ရိုးရာအဝတ်အစား

(ဂ) ကရင့်အမျိုးသားအလံတော်

(ဃ) ကရင့်စာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့် ရှောက်ထားသည့်အပြင် ပို၍ နားလည်လာအောင် ဆောင်ရွက်လာနိုင်ခဲ့သည်။

## (၁၅) ကရင့်တော်လှန်ရေးသည် မည်သည့်တော်လှန်ရေးမျိုး ဖြစ်သနည်း။

ကရင်အမျိုးသားများအား နိုင်ငံရေးအရ၊ လူမျိုးရေးအရ ဖိနှိပ်ချုပ်ခြယ် မှု ခံရသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ကရင်တစ်မျိုးသားလုံး လွတ်မြောက် မှု(အမျိုးသားလွတ်မြောက်ရေး)အတွက် အမျိုးသားတန်းတူရေး လိုအပ်ပြီး နိုင်ငံရေးအရ တန်းတူရေးနှင့် ဒီမိုကရေစီရေးလိုအပ်သည်။ ထို့ကြောင့် ကရင့် တော်လှန်ရေးသည် လူမျိုးရေးအရ ဖိနှိပ်ချုပ်ခြယ်မှုမှ လွတ်မြောက်ရန်နှင့် အမျိုး သားဒီမိုကရေစီတော်လှန်ရေး (National Democracy) ဖြစ်သည်။

## (၁၆) နှစ်ပေါင်း (၅၀)ကြာ ကရင့်တော်လှန်ရေး၏ အကျိုးကျေးဇူးများ

- ကရင်ပြည်သူအနေဖြင့် နိုင်ငံရေးကိုပို၍ နားလည်လာခြင်း၊ ကရင်လူမျိုးများ ခံစားနေရသော ဒုက္ခ၊ သောကကို တစ်ကမ္ဘာလုံးမှ သိရှိလာခြင်း။
- ကေအဲန်ယူထိန်းချုပ်ရာနေရာများ၌ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းမှု များ လုပ်ဆောင်နိုင်ခြင်း၊ လုပ်ငန်းအတွေ့အကြုံများ ပိုမိုရရှိလာခြင်း။
- ကရင့်စာပေကိုထိန်းသိမ်းတတ်လာခြင်း– အဝတ်အနေဖြင့် ကရင်ရိုးရာ ဝတ်စုံ၊ ကရင့်အမျိုးသားသီချင်း။
- ကရင့်တပ်မတော်အနေဖြင့် ကရင်အမျိုးသားတို့အား ညှဉ်းပန်းနှိပ်စက်မှု ခံရသော မှတ်တမ်းများ ပြုလုပ်ခြင်း (မတရား သို့မဟုတ် အဓမ္မမှုများ မဖြစ် ပေါ်စေရန်)။
- အချင်းချင်းနီးနှောဖလှယ်သည့် အစီအစဉ်များဖြင့် လူအချင်းချင်း ခိုက်ရန် ဖြစ်ခြင်း (Communalst- rife)ကို ရှောင်ဖယ်စေခဲ့ပြီး အချင်းချင်း ချစ်ခင် ရင်းနှီးစေရန်(လူမျိုးစုံချစ်ကြည်သွေးစည်းရေး)အတွက် လုပ်ဆောင်နိုင်ခြင်း။
- ကရင်အမျိုးသားများအတွက် ကရင့်လူမှုဘဝ၊ ယဉ်ကျေးမှုနှင့် သင့်လျော် သည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ခြင်း။
- ဒီမိုကရေစီအနှစ်သာရကို ထောက်ခံအားပေးခြင်း– အုပ်ချုပ်မှုစနစ်။
- ဘာသာရေးအားလုံးတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့်နှင့် ဆောင်ရွက်နိုင်ခြင်း။
- ကရင့်ပြည် မပြည့်စုံသေးသော်လည်း ၁၉၅၂ခုနှစ်တွင် ပိုမိုပုံပေါ်လာသည် ကို တွေ့ရသည်။
- ကရင့်တော်လှန်ရေးကြောင့် မိမိကိုယ်ကိုယ် ကရင်လူမျိုးအဖြစ် သိရှိ အသိအမှတ်ပြုလာနိုင်ခြင်း။
- တစ်ကမ္ဘာလုံးမှ နိုင်ငံသားများ ကရင့်တော်လှန်ရေးကို ထောက်ခံအားပေးပြီး ကူညီပေးခဲ့ကြသည်။

## (၁၇) ကရင်ပြည်ရရှိသော်လည်း အဘယ်ကြောင့် တော်လှန်ရေး လုပ်ရသနည်း။

ယခုပေးအပ်သော ကရင်ပြည်နယ်သည်–

(က) လုပ်ပိုင်ခွင့်အာဏာမှာ ကရင့်ပြည်အစိုးရထံတွင် ဘာမျှမရှိပါ။ လုပ်ပိုင်ခွင့် အာဏာအားလုံး နအဖ– (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ လက်ထဲတွင်သာရှိ၍ နိုင်ငံရေးအရ အနှစ်သာရ မှာ တစ်ပြည်ထောင်စနစ် (UNITARY STATE) မျှသာ ဖြစ်သည်။ ကျွန်ုပ် တို့ လိုချင်သည်မှာ ကရင်ပြည်နယ်၏ ကံကြမ္မာသည် ကရင့်ခေါင်းဆောင်များ၏ လက်ထဲတွင်ရှိရေး၊ လူသားအားလုံးတန်းတူရေးနှင့် ဒီမိုကရေစီ အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ နိုင်ငံရေးအရ ဖက်ဒရယ်နိုင်ငံ (Federal Country) တည်ဆောက်ရေး ဖြစ်သည့် စစ်မှန်သော ပြည်နယ်ပေါင်းစု ပြည်ထောင်စုဖြစ်ရေး ဖြစ်သည်။ ကရင်ပြည်နယ်၏ ခေါင်း ဆောင်များမှာ ဖော်ပြပါ ဩဇာအာဏာမရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။

(ခ) ကရင်ပြည်နယ်ရှိ ကရင်လူမျိုးများ အသတ်ခံ အညှဉ်းဆဲခံနေရခြင်းကို ကရင်ပြည်နယ်ခေါင်းဆောင်များအနေဖြင့် တားမြစ်ရန်၊ ကာကွယ်ရန် စိုးစဉ်းမျှ ပြောဆိုလုပ်ဆောင်နိုင်ခြင်း မရှိပါ။ ရိုးရိုးသာမန် စစ်သားတစ်ယောက်အနေဖြင့် ကရင်ပြည်သူပြည်သားတစ်ယောက်အား သတ်ခွင့် ပေးထားသည်။ မည်သူမျှ တားဆီးရန် မတတ်နိုင်ပါ။

(ဂ) ကရင်အမျိုးသမီးတစ်ယောက် မတော်မတရား အဓမ္မပြုကျင့် သတ်ဖြတ်ခံရခြင်းကိုလည်း ကရင်ပြည်နယ်ခေါင်းဆောင်များမှ တားဆီးနိုင်ရန် အာဏာ မရှိပါ။

(ဃ) ကရင်အမျိုးသားများကို ကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းကိုလည်း ကရင်ပြည်နယ်မှ ခေါင်းဆောင်များမှ ပြောဆိုခြင်း၊ ရပ်တန့်စေခြင်းငှာ မတတ်နိုင်ကြပါ။ ကရင်မိဖ၊ အဘိုးအဘွား၊ ပြည်သူတို့၏ နေအိမ်များ၊ ရပ်ရွာများအား မီးရှို့ဖျက်ဆီးခြင်းကိုလည်းကောင်း၊ အဓမ္မရွှေ့ပြောင်းခံရခြင်းကိုလည်းကောင်း ကရင်ပြည်နယ်မှ ခေါင်းဆောင်များအနေဖြင့် စိုးစဉ်းမျှ ပြောဆိုနိုင်ခြင်းမရှိပါ။

(င) ကရင်ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ကရင်စာပေကျောင်းတွင် သင်ယူရခြင်း မရှိပါ။

(စ) ဘာသာရေးဘက်တွင်လည်း လွတ်လပ်စွာ ဆောင်ရွက်ခွင့်မရှိပါ။ ထိုကဲ့သို့ ဆောင်ရွက်နေခြင်းကြောင့် ကရင်လူမျိုးများ ပျောက်ကွယ်လုနီးပါးဖြစ်လာရသည်။ ထို့ကြောင့် ကရင်လူမျိုးများအနေဖြင့် တစ်ပါးသောလူမျိုးများကဲ့သို့ ထွန်းထွန်းတောက်တောက် အသက်ရှင် ရပ်တည်နိုင်စေရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရန် ကြိုးစားလုပ်ဆောင် ကြရပေမည်။ ညှဉ်းပန်းနှိပ်စက်မှုများ၊ ဖျက်ဆီးမည့်သူများကို မတွန်းလှန်နိုင်ပါက မိမိအသက် ရှင်မှုဘဝကို တည်ဆောက် ပြုပြင်ခြင်း၊ လူတစ်ယောက်ကဲ့သို့ ဂုဏ်သိက္ခာရှိရှိနှင့် ပြည့်စုံသော ဘဝအသက်တာနှင့် ဆက်လက်ရှင်သန်နေထိုင်နိုင်သော ကရင်လူမျိုးများ ပျောက်ကွယ်ပျက်စီးမှာ စိုးရိမ်ဖွယ်ပင်ဖြစ်သည်။ ထို့ကြောင့် ညှဉ်းပန်းနှိပ်စက်မှုများကို တော်လှန်ရမည်မှာ ကျွန်ုပ်တို့၏တာဝန်ပင် ဖြစ်ပေသည်။

## (၁၈) လွတ်မြောက်ရေးမရလျှင် ကရင့်အခြေအနေမည်သို့ရှိမည်နည်း။

လွတ်မြောက်မှုလုပ်ငန်းစဉ်အတွက် ညီညီညွတ်ညွတ် အတူတကွ လုပ်ဆောင်နိုင်ခြင်း မရှိပါက ကရင်တစ်မျိုးသားလုံး အမြဲခံရပြီး ပျောက်ကွယ်သွားမည်ဖြစ်သည်။ မဟာဗမာလူမျိုးကြီးဝါဒအောက်တွင် ရောက်ရှိသွားမည် ဖြစ်ပြီး ကျွန်ုပ်တို့၏ဘိုးဘွားစဉ်ဆက် ကောင်းမြတ်ခြင်း ဓလေ့စရိုက်များ၊ ကိုးကွယ်ယုံကြည်မှုများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ ပျောက်ကွယ်ပြီး မဟာဗမာလူမျိုးကြီးဝါဒ၏ ယဉ်ကျေးမှုဓလေ့စရိုက်များဖြင့် ဖုံးလွှမ်းခြင်း ခံရပေမည်။ ကျွန်ုပ်တို့ရရှိထားသော အခွင့်အရေးကို ပြည့်ပြည့်ဝဝ ရရှိရန်အတွက် တော်လှန်မှုမရှိပါက တန်းတူအခွင့်အရေး (EQUAL RIGHTS)၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ကို ကျွန်ုပ်တို့လက်ထက်တွင် တစ်ကြိမ်တစ်ခါမျှပင် စဉ်းစား၍ ရနိုင်တော့မည်မဟုတ်ပါ။

## (၁၉) နိုင်ငံဦးဆောင်သူ မဟာဗမာဝါဒီများ၏ ညှဉ်းပမ်းနှိပ်စက်ပုံ

(က) နိုင်ငံရေးဘက်တွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို ချိုးဖောက်ပြီး ကရင်ပြည်နယ်အတွင်း နအဖ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိစေခြင်း။

(ခ) အသက်မွေးဝမ်းကြောင်းမှုဘက်တွင်လည်း လုပ်ငန်းအားလုံး နအဖ၏ အကျိုးအတွက် လက်ဝါးကြီး အုပ်ချုပ် (MONOPOLIZE)ထားပြီး၊ စီးပွားရေး မဖွံ့ဖြိုး မတိုးတက်ရခြင်းမှာ ကရင့်တော်လှန်ရေးကြောင့်ဟု လည်းကောင်း၊ ဆူပူမှု လုပ်ဆောင်သူများကြောင့်ဟု လည်း ကောင်း၊ ပြည်တွင်းပြည်ပ ဖျက်ဆီးသူများကြောင့်ဟုလည်း ကောင်း၊ တော်လှန်ပုန်ကန်သူများကြောင့်ဟုလည်းကောင်း၊ စွပ်စွဲအပြစ် တင်ထားသည်။ စီးပွားရေး မပြေလည်ရခြင်းအကြောင်းမှာ ပြည်သူများကြောင့်ဟု အပြစ်ဖို့ထားသည်။ စီးပွားရေး မူဝါဒ လမ်းစဉ် ညံ့ဖျင်းကြောင်းကိုမူ တစ်ခါမျှ ထုတ်ဖော်ပြောကြားခြင်း မရှိပါ။

(ဂ) ဖွံ့ဖြိုးရေးဘက်တွင်လည်း အခွင့်အရေး စိုးစဉ်းမျှမရှိ (ဥပမာ– ပညာရေးဘက်တွင် ကရင်ပြည်နယ်အတွင်းဖြစ်သော်လည်း ကရင်စာပေကို ကျောင်းတွင်သင်ကြားခွင့် မရှိသည့်အပြင် ဗမာစာကိုသာ ဦးစားပေးသင်ကြားခြင်း)။ ပြည်ပ ပညာတော်သင်အခွင့်အရေးများကိုလည်း ဗမာတစ်မျိုးတည်းကိုသာ စေလွှတ်ပြီး တစ်ခြားတိုင်းရင်းသား လူမျိုးစုများမှာလည်း ကရင်အမျိုးသားများကဲ့သို့ပင် အခွင့်အရေးမရကြပေ။

(ဃ) ဒီမိုကရေစီ အခွင့်အရေးတွင်လည်း တိုင်းသူပြည်သားများ ဒီမိုကရေစီ အခွင့်အရေး မရသည့်အပြင် အခွင့်အရေးအားလုံး စစ်အစိုးရ သဘောအတိုင်းသာ ဖြစ်နေရရှာသည်။

(င) ပြည်တွင်းစစ်ကာလတစ်လျှောက်လုံးတွင် မိသားစုသဖွယ် မိသားစုမေတ္တာဖြင့် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် လုပ်ဆောင်မှုမှာလုံးဝပေါ်လွင်ခြင်းမရှိပါ။ အကြမ်းဖက်ရေး၊ အပြုတ်တိုက်ရေးနည်းစဉ်သာ ကျင့်သုံးမြဲဖြစ်သည်။ ထို့ကြောင့် ဗမာစစ်အစိုးရနှင့်နောက်လိုက်များမှာ လူမျိုးစုငယ်များကို အကြမ်းဖက် တိုက်ခိုက်ရေးကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေသည်။

## (၂၀) ကရင့်တော်လှန်ရေး အမှန်တကယ်အောင်မြင်ရမည်။

အမှန်တကယ်တွင်–

(က) ကေအဲန်ယူအနေဖြင့် ကရင့်တော်လှန်ရေး ဆက်လက်အသက်ရှင်လျက်ရှိသည်။ ကရင်အမျိုးသား အစည်းအရုံး– ကေအဲန်ယူ၏ တော်လှန်ရေးလုပ်ငန်းစဉ် ဆက်လက် အသက်ရှင် ရပ်တည်နေသည်မှာ ပြည်သူတစ်ရပ်လုံးက ထောက်ခံအားပေးနေခြင်းကြောင့်ဖြစ်သည်။

(ခ) ကရင့်တော်လှန်ရေးကြောင့် ကေအဲန်ယူ၏ရန်သူ (၇)ဖွဲ့ ကျဆုံးခဲ့ပြီးဖြစ်သည်။

(ဂ) စစ်အစိုးရ၏ အားနည်းချက်ကြောင့်ပင်ဖြစ်သည်။

(ဃ) ဒီမိုကရေစီလိုလားသော ပြည်သူများမှ နအဖကို ဆန့်ကျင်တော်လှန်သောကြောင့် ဖြစ်သည်။

(င) လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူများကြောင့်ဖြစ်ခြင်း။

(စ) ကရင့်တော်လှန်ရေးလမ်းစဉ်မှာ ယနေ့ကမ္ဘာ့နိုင်ငံရေးရေချိန်နှင့် ကိုက်ညီမှုရှိပြီး ပြည်သူများအတွက် အကျိုးရှိခြင်း။

(ဆ) ရန်သူအနေဖြင့် နိုင်ငံရေးကျင်းထဲကျပ်ထဲ ရောက်ရှိနေသောကြောင့်လည်းကောင်း။

- နအဖအစိုးရမှာ လူထုမှတင်မြှောက်ထားသော အစိုးရမဟုတ်ခြင်း။
- တိုင်းရင်းသားအားလုံး (ဗမာအပါအဝင်) နအဖစစ်အစိုးရကို တော်လှန်နေသောကြောင့်ဖြစ်ခြင်း။
- တစ်ကမ္ဘာလုံးမှ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ လိုလားသူများ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွန်းအားများကြောင့်ဖြစ်ခြင်း။
- တိုင်းရင်းသားများအားလုံး (ဗမာအပါအဝင်) တော်လှန်ရေးတွင် ပါဝင်ခြင်းကြောင့်ဖြစ်ခြင်း။
- စီးပွားရေးအကျပ်အတည်းကြောင့် အဆင်းရဲဆုံးနိုင်ငံထဲတွင် တစ်နိုင်ငံ ဖြစ်သွားခြင်းကြောင့် လည်းကောင်း။
- ကျောင်းသားများမှ မကျေနပ်မှုများဖြစ်ပေါ်ကာ ဆန္ဒပြတော်လှန်သောကြောင့်လည်းကောင်း။
- စစ်တပ်ဖက်တွင်လည်း စည်းလုံးညီညွတ်မှု ပျက်ပြားကာ အရှုပ်အထွေးများဖြစ်ပေါ်နေခြင်း။
- အလုပ်သမားများမှလည်း လုပ်ခလစာ နည်းလာခြင်းကြောင့် လည်းကောင်း။

## (၂၁) ကရင့်အမျိုးသားအလံတော်အကြောင်း

၁၉၃၀ ခုနှစ်မှ ၁၉၄၀ ခုနှစ်အတွင်း ဒေါကလုအသင်းကြီးမှ လွတ်တော် အမတ်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုကြောင့် ကရင့်အမျိုးသားနှစ်သစ်ကူး၊ ကရင့်အမျိုးသားသီချင်း၊ ကရင့်အမျိုးသားအလံတော်အား နိုင်ငံတော်မှ အသိအမှတ်ပြုပြီးဖြစ်သည်။ ထိုအချိန်တွင် ဒေါကလုအသင်းကြီး၏ဥက္ကဋ္ဌမှာ ဆရာစံဘော် ဖြစ်သည်။ ကရင့်အမျိုးသားအလံတော် ပေါ်ပေါက်လာစေရန်နှင့် ကရင် တစ်မျိုးသားလုံး သဘောတူလေးစားအသိအမှတ်ပြု တန်ဖိုးထားရန် ကရင် အမျိုးသားအလံတော်ပုံစံ ဒီဇိုင်းပြိုင်ပွဲတစ်ရပ်ကို ကျင်းပပြီး ၎င်းတို့ထဲမှ အကောင်း ဆုံးတစ်ခု ကို ရွေးချယ်ရန် အတည်ပြုခဲ့ရာ အနယ်နယ် အရပ်ရပ်မှ ကရင့် အမျိုးသားအလံတော်ပုံစံဒီဇိုင်း တစ်ရာကျော် လက်ခံရရှိခဲ့သည်။ ၎င်းတို့ ထဲမှ (၁၂) ခု ကို စကာတင် ရွေးချယ်နိုင်ခဲ့သည်။ ၎င်းအလံ (၁၂) ခု ထဲမှ (၃)ခု ကို ဆက် လက် ရွေးချယ်ခဲ့ပြန်သည်။ ၎င်း(၃) ခု ထဲမှ နောက်ဆုံးတစ်ခုကို ရွေးချယ်ရာ ဝန်ကြီးမန်းဘခင် တင်ပြသည့် ဖားစည်ပါသည့်အလံကို ရွေးချယ်ခဲ့သည်။ ဒုတိယ ရွေးချယ်ခံရသော ဆရာမိုးလို၏အလံမှာ နေရောင်ထွက်လာသော ပုံစံ ပါရှိပြီး၊ တတိယရွေးချယ်ခံရသော ဒေါက်တာဘစောဒွေး၏အလံမှာ ဆင်ဖြူ တစ်ကောင် ပါရှိသည်။ အလံ(၃)ခု၏ အဓိပ္ပာယ်များကို လေ့လာဖော်ထုတ်ပြီး နောက် ဝန်ကြီးမန်းဘခင် တင်ပြသော အလံအား ပထမအဖြစ် ရွေးချယ်ခဲ့ကြသည်။ ဝန်ကြီးမန်းဘခင် တင်ပြသော အလံပုံစံအား တစ်နိုင်ငံလုံးရှိ ခေါင်းဆောင်များထံ အတည်ပြုရန် တင်ပြခဲ့သည်။ ထိုအချိန်မှစ၍ ထိုအလံအား ကရင် တစ်မျိုးသားလုံး၏ အမျိုးသားအလံတော်အဖြစ် အသိအမှတ် ပြုခဲ့ပြီး ယနေ့ ထိတိုင် အသုံးပြုလျက်ရှိသည်။


ဝန်ကြီးမန်းဘခင်ရှင်းပြသော ကရင်အမျိုးသားအလံတော်တွင် ပါရှိချက်နှင့် အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

## (၁) ကရင့်အမျိုးသားအလံတော် အကျယ်–အရှည်(အကျယ်အဝန်း)

ကေအဲန်ယူ– ကရင့်အမျိုးသားအလံတော် အပြည့်အစုံ (Standard size) အလျား၊ အနံမှာ အောက်ပါအတိုင်းဖြစ်သည်။

– Length (အလျား)–၉ပေ (၁၉၈ လက်မ)
– Breadth (အနံ)–၅ပေ (၆၀ လက်မ)

စံအရွယ်အစား - အလျား ၉ ပေ x အနံ ၅ ပေ




ကရင့်အမျိုးသားအလံတော်အရောင် သုံးရောင်ခြယ်။

– ထိပ်ဆုံးတွင်ရှိသောအရောင်မှာ အနီရောင် (Crimson Red) ဖြစ်သည်။
– အလယ်တွင်ရှိသောအရောင်မှာ အဖြူရောင် (White) နှင့်
– အောက်ဆုံးတွင်ရှိသောအရာင်မှာ အပြာရောင် (Navy Blue)

တို့ဖြစ်သည်။

## (၂) (က)ကရင့်အမျိုးသားအလံတော်ရှိအရောင်များ၏ အဓိပ္ပာယ်မှာ–

(၁) အနီရောင်၏အဓိပ္ပာယ်မှာ– ရဲရင့်ခြင်း၊ သွေးကဲ့သို့ ရဲရဲတောက် သတ္တိဗျတ္တိနှင့် အားအင်အပြည့်ရှိခြင်း။

(၂) အဖြူရောင်၏အဓိပ္ပာယ်မှာ– ဖြူစင်သန့်ရှင်းခြင်း၊ စိတ်ထားဖြူစင်ကောင်းမွန်ခြင်း။

(၃) အပြာရောင်၏အဓိပ္ပာယ်မှာ– ဖြောင့်မတ်မှန်ကန်ခြင်း၊ ခေါင်းဆောင်နှင့် တိုင်းပြည်အပေါ်သစ္စာရှိခြင်း။

## (၂) (ခ) နေရောင်ဖြာထွက်ခြင်းအဓိပ္ပာယ်

(၁) နေရာင်ဖြာထွက်သည့် အလျား (Length) လိုက် စုစုပေါင်း အကျယ်အဝန်းမှာ အလံတော်၏ အလျား ၃ ပုံ ၁ပုံ– ၃ပေ (၃၆ လက်မ)ရှိပြီး အလံတော်၏ လက်ဝဲဘက်တွင် ရှိသည်။

(၂) နေရောင်ဖြာထွက်သည့် အနံ (Breadth) စုစုပေါင်းအကျယ်အဝန်းမှာ ၂ ½ပေ (၃၀ လက်မ)ရှိပြီး အလံတော်၏ အနံတစ်ဝက်တိတိရှိသည်။

(၃) နေရောင်ဖြာထွက်သည့်အလျား (Length) ၃ပုံ ၁ပုံ တိတိ ရှိသောကြောင့် တစ်ပုံလျှင် ၁ပေ (၁၂– လက်မ) စီရှိမည်ဖြစ်သည်။ နေဝန်းမှာအလယ်တွင်ရှိပြီး (Diameter)အချင်း ၁၂ လက်မ ဖြစ်၍ နေဝန်း၏တစ်ဝက် အချင်းဝက် (Radius) ၆လက်မ ရှိသည်။

(၄) နေရောင်ထွက်သည့် အလယ်တည့်တည့်မှစပြီး ဖြာထွက်သည့်အရှည်မှာ ၂ပေခွဲ (၃၀လက်မ)တိတိ ရှိသည်။ အလယ်တည့်တည့်တွင်ရှိသောနေရောင်ခြည်၏အရှည်မှာ ၂ပေ (၂၄လက်မ) ရှိသည်။ နေရောင်ဖြာ ၂၄ လက်မကို ၃ပိုင်း အညီအမျှ အချိုးချ၍ ဖားစည်မှာ ၈ လက်မရှိသည်။ နေရောင်ဖြာထွက်သည့် ၂ခုပေါင်း အရှည်သည် ၂၂ ½ လက်မ ရှိသည်။ ကရင့်အမျိုးသားအလံတော် အပြည့်အစုံကို ဗဟိုဌာနချုပ်တွင် လွှင့်ထူနိုင်ပြီး၊ အလံတော် ၂/၃ ဆိုဒ်ကို ခရိုင်အဆင့်၊ အလံတော် ၁/၂ဆိုဒ်ကို မြို့နယ်အဆင့်တွင် လွှင့်ထူနိုင်သည်။

## (၃) တက်သစ်စနေဝန်း၏ အဓိပ္ပာယ်

(က) နံနက်နေတစ်ဝက်၏ အဓိပ္ပာယ်မှာ နေထွက်စဉ်အတွင်း (သို့မဟုတ်) တက်သစ်စ နေဝန်း၏ အဓိပ္ပာယ် မှာ ကရင်အမျိုးသားများ၏ တိုးတက်ကြီးပွားမှုမှာ တက်သစ်စ နေဝန်းကဲ့သို့ အင်နှင့်အားနှင့်ရှိသည်ကို ပုံဆောင်သည်။

(ခ) နေဝန်း (၉)ခု၏အဓိပ္ပာယ်မှာ ရှေးဘိုးဘွား၊ ဘီဘင်တို့၏စကားအရ ကရင်တို့နေထိုင်ရာ ဒီကိုးဒီ အရပ်ကို ပုံဆောင်သည်။

ဒီကိုးဒီမှာ

(၁) ရောဝတီ
(၂) သာယာဝတီ
(၃) ကေတုမတီ– တောင်ငူ
(၄) ဒွရဝတီ
(၅) ဓညဝတီ
(၆) ဇေယျဝတီ
(၇) ကန္တာရဝတီ
(၈) ဟံသာဝတီ
(၉) မြဝတီ

အဓိပ္ပာယ်မှာ ကရင်လူမျိုးများမှာ တစ်နိုင်ငံလုံးအတွင်း နေထိုင်ကြသည်ကို ဆိုလိုသည်။

## (၄) ကရင့်အမျိုးသားအလံတော်ပေါ်ရှိ ဖားစည်

ကရင့်အမျိုးသားအလံတော်ပေါ်ရှိ ဖားစည်အကြောင်း အဓိပ္ပာယ်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ ကရင့်ဖားစည်ကို တစ်ဖက်မြင်ရသော အနေအထားတွင်သာ မြင်တွေ့နိုင်၍–


(၁) ဖားစည်မျက်နှာပြင် အရှည်အနား ၂ ဖက် အကျယ်အဝန်းသည် (၁၂) လက်မ ရှိသည်။

(၂) ဖားစည်မျက်နှာပြင် အကျဉ်းအနား ၂ ဖက် အကျယ်အဝန်းသည် (၆) လက်မ ရှိသည်။

(၃) ဖားစည်ဘေးမျက်နှာပြင်အကျယ်မှ နောက်ဆုံးအထိ (၆)လက်မ ရှိသည်။

(၄) ဖားစည်၏ ခါးအရှည် (၈) လက်မ။

(၅) ဖားများမှာ လက်ယာဘက်မှ လက်ဝဲသို့ ဖားစည်မျက်နှာပြင်ပေါ်တွင် ပတ်ထားကြသည်။ ဖားစည်မှာ လှပတင့်တယ်စေရန် ထည့်သွင်းထားခြင်း ဖြစ်သည်။




ဖားစည်မှာ ယနေ့အထိ ကရင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခု ဖြစ်ပြီး အသုံးပြုရာတွင်လည်း အချိန်အခါပေါ်မူတည်၍ အဓိပ္ပာယ်အမျိုးမျိုး ရှိသည်။ ဖားစည်မှာ အမျိုးမျိုးရှိပြီး အဓိကအားဖြင့် ပျော်ပွဲရွှင်ပွဲများတွင် သုံးလေ့ရှိသည်ကိုတွေ့ရသည်။

စစ်တိုက်ထွက်သည့်အခါတွင်လည်း အသုံးပြုလေ့ရှိပြီး ဖားစည်ကို အသုံးပြုခြင်းသည် ကရင် တစ်မျိုးသားလုံးနှင့်ဆိုင်သော အကြောင်းအရာဟု သိမှတ်နိုင်သည်။

တတ်သိပညာရှင်များ၏ စကားအရ ရွှေစများဖြင့် ပြုလုပ်ရသော ကြောင့် အရောင်မှာ ကြေးဝါရောင် ဖြစ်သည်။ ထို့ကြောင့် ကရင့်အမျိုးသား ဖားစည်ကို ကြေးဝါဖြင့်ပြုလုပ်လျှင် အသင့်တော်ဆုံး ဖြစ်သည်။ အဖြူရောင် ဖားစည်ကို လုပ်ဆောင်ရာတွင်လည်း ဖားစည်၏ ဘေးပတ်လည်တွင် လှပစွာ ပေါ်လွင်စေရန် သွန်းလုပ်ကြသည်။

## (၅) ကရင့်အမျိုးသားအလံတော် အသုံးပြုရန်အတွက် စည်းကမ်းချက်များ


### (က) အလံတော်အသုံးပြုခြင်းအကြောင်း

ကျွန်ုပ်တို့သည် လွတ်လပ်သောလူမျိုးတစ်မျိုး၏ အထိမ်းအမှတ်အဖြစ် ကရင့်အမျိုးသားအလံတော်အား လွှင့်ထူရာတွင်လည်းကောင်း၊ ချိတ်ဆွဲရာ တွင်လည်းကောင်း အသုံးပြုနိုင်သည်။ ပစ္စည်းများ ထုတ်ပိုးရာတွင်လည်းကောင်း၊ လိုက်ကာများအဖြစ် အသုံးပြုခြင်းငှာလည်းကောင်း အသုံး မပြုသင့်ပါ။ အမျိုး သား အလံတော်ပေါ်တွင်လည်း စာလုံးများရေးခြင်း၊ ပုံများဆွဲခြင်း၊ ညစ်ပေ အောင်ပြုလုပ်ခြင်း မပြုလုပ်ရပါ။ အစဉ်အလာအရ အပြင်ဘက်တွင် မိုးလေဝသ အခြေအနေကောင်းချိန်ဖြစ်သည့် နံနက် စောစောအချိန်မှ နေဝင်ချိန်အထိ လွှင့် ထူလေ့ရှိသည်။ နေ့ထူးနေ့မြတ် အစီအစဉ်များဖြစ်သည့် အမျိုးသားပွဲတော်များ တွင် ညဘက်အချိန်များတွင်ပါ အသုံးပြုနိုင်ပါသည်။


မိုးလေဝသ အခြေအနေကောင်းသည့် နေ့များတွင်လည်းကောင်း၊ အများပြည်သူရုံးပိတ်ရက် အခါကြီးရက်ကြီးများတွင်လည်းကောင်း၊ ခေါင်း ဆောင်များ၏ စီစဉ်မှုအရ အသံလွှင့်သည့်အချိန်တွင်လည်းကောင်း တစ်နေ့လုံး လွှင့်ထူနိုင်သည်။ ကရင့်အမျိုးသားအလံတော်ကို အစိုးရရုံးများတွင်လည်း ကောင်း၊ စာသင်ကျောင်းများ၏ ရှေ့တွင်လည်းကောင်း၊ သတ်မှတ်ထားသော နေ့ထူးနေ့မြတ်များတွင်လည်းကောင်း လွှင့်ထူနိုင်သည်။ ကရင့်အမျိုးသား အလံတော်ကို လွှင့်တင်ရာတွင်လည်းကောင်း၊ ဖြုတ်ချရာတွင်လည်းကောင်း

အစီအစဉ်ဖြင့် လေးစားစွာပြုလုပ်ရမည်။ ကရင့်အမျိုးသား အလံတော်ကို မြေပေါ်သို့ ခင်းခြင်း၊ ရေတွင်မျှောခြင်း၊ တွန့်ခေါက်စေခြင်း မပြုလုပ်ရပါ။ စစ်ဘက်ဆိုင်ရာများ၌ လွှင့်ထူရာတွင်လည်းကောင်း၊ ဖြုတ်ချရာတွင်လည်းကောင်း အထူးအစီစဉ်ဖြင့် ပြုလုပ်ရသည်။


(ခ) ကရင့်အမျိုးသားအလံတော် အသုံးပြုခြင်း




(၁) ကရင့်အမျိုးသားအလံတော်ကို လွှင့်ထူရာတွင် အလံတော်၏ နေထွက်ရာ အမှတ်အသားနှင့် ဖားစည်ရှိရာ အမှတ်အသားကို အပေါ်ဘက်တွင် အမြဲတမ်းထားရှိရမည်။ ကရင့်အမျိုးသားအလံတော်ကို ခေါင်းပေါင်းခြင်း၊ အစားအစာထုပ်ပိုးခြင်း၊ ကားနောက်ဘက်တွင် ချိတ်ဆွဲခြင်း၊ ကားဘေးနားတွင် ချိတ်ဆွဲခြင်း မပြုလုပ်ရပါ။ ကရင့်အမျိုးသား အလံတော်ပေါ်တွင် စာလုံးများရေးသားခြင်း၊ ညစ်ပေစေခြင်းများ မပြုလုပ်ရပါ။ ကားပေါ်တွင် အသုံးပြုလိုပါက ပုံတွင်ပြထားသည့်အတိုင်း စိုက်ထူရမည်။ ကရင့်အမျိုးသားအလံတော်အား ပြောင်းပြန်(ဇောက်ထိုး) လွှင့်ထူခြင်းအား မလုပ်ဆောင်ရပါ။ အကယ်၍ လုပ်ဆောင်လိုပါက ထိုအချိန်သည် ကြီးမားသောဝမ်းနည်းစရာဖြစ်နေချိန်၊ ကြောက်မက်ဖွယ်ရာအဖြစ်ဆိုး ကျရောက်နေချိန်၊ အသက်ဘေးမှ လွတ်မြောက်ရန်အတွက် အကူအညီ လိုအပ်ချိန်တွင်မှသာ အလံတော်အား ပြောင်းပြန်(ဇောက်ထိုး)ထား လွှင့်တင်၍ ကယ်တင်ရန် (SOS) အဓိပ္ပာယ် Save Our Soul အနေဖြင့် သတင်းပေး အကြောင်းကြားရသည်။




(၂) ကရင့်အမျိုးသားအလံတော်အား တစ်ခြားအလံတော်များနှင့် လွှင့်ထူရန် လိုအပ်ပါက အလံတော်သည် လက်ယာဘက်တွင်ရှိရမည် ဖြစ်သည်။ အလံတော်အား တစ်ခြားအလံများနှင့်အတူ ချီတက်ရမည်ဆိုပါက ကရင့်အမျိုးသားအလံမှာ အရှေ့ဆုံးတွင် ရှိရမည်ဖြစ်ပြီး ကိုင်ဆောင်သူ၏ ယာဘက်လက်တွင် ရှိရမည်။




(၃) အလံတော်အား တခြားအလံနှင့်တိုင်ကဲ့သို့ စိုက်ထူမည်ဆိုပါက ကရင့်အမျိုးသားအလံတော်မှာ အရှေ့ဘက်၊ လက်ယာဘက်တွင် ရှိရမည်ဖြစ်ပြီး ကြည့်ရှုသူဘက်၏ လက်ဝဲဘက်တွင် ရှိရမည်ဖြစ်သည်။ ကရင့်အမျိုးသားအလံတော် ၂ ခု လွှင့်ထူခြင်း မပြုလုပ်ရပါ။




(၄) ကရင့်အမျိုးသားအလံတော်အား ခရိုင်အလံ၊ မြို့နယ်အလံများ သာမက တစ်ခြားအဖွဲ့အလံများနှင့်အတူ လွှင့်ထူရမည်ဆိုပါက ကရင့်အမျိုးသားအလံတော်ကို အလယ်တည့်တည့်တွင် စိုက်ထူရမည်ဖြစ်ပြီး တစ်ခြားအလံများထက် ပို၍မြင့်အောင် ထားရှိရမည် ဖြစ်သည်။




(၅) ကရင့်အမျိုးသားအလံတော်အား ခရိုင်အလံ၊ မြို့နယ်အလံများကို တိုင်တစ်တိုင်တည်းတွင် စိုက်ထူရမည်ဆိုပါက ကရင့်အမျိုးသား အလံတော်ကို အပေါ်ဆုံးတွင်ထားရှိရမည်ဖြစ်သည်။ တိုင်တစ်တိုင်ပေါ်တွင် နိုင်ငံတော်အလံ ၂ ခု ကို တစ်ပြိုင်တည်း စိုက်ထူခြင်း မပြုလုပ်ရပါ။




(၆) တစ်ခြားနိုင်ငံတော်အလံများနှင့် လွှင့်ထူရန် လိုအပ်ပါက အလံတိုင်း တူညီသော အရွယ်အစား အမြင့်ပေ တူညီရမည် ဖြစ်ပြီး တစ်တိုင်ချင်းစီ စိုက်ထူရန် လိုအပ်သည်။ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများအရ နိုင်ငံတစ်နိုင်ငံ၏အလံတော်သည် တစ်ခြားသော နိုင်ငံ တစ်နိုင်ငံ၏ အလံထက်မြင့်ရမည်ဟု သတ်မှတ်ထားခြင်း မရှိသကဲ့သို့ အားလုံး တူညီစွာ လွှင့်ထူရန် လိုအပ်သည်။




(၇) ကရင့်အမျိုးသားအလံတော်အား ပြတင်းပေါက်နားတွင် ချိတ်ဆွဲ၍ဖြစ်စေ၊ ပြတင်းပေါက် တိုင်နားတွင်ဖြစ်စေ လွှင့်ထူလိုပါက နေရောင်ဖြာထွက်ရာနှင့် ဖားစည်ရှိရာဘက်ကို တိုင်နားတွင်ထား၍ ချိတ်ဆွဲရမည်။




(၈) ကရင့်အမျိုးသားအလံတော်အား ချိတ်ဆွဲခြင်းမဟုတ်ပဲ နံရံတွင် ကပ်ထားလိုပါက နေရောင်ဖြာထွက်ရာနှင့် ဖားစည်ရှိရာဘက်သည် အပေါ်ဘက်တွင်ရှိရမည်ဖြစ်ပြီး၊ ကြည့်ရှုသူ၏ လက်ဝဲဘက်တွင် ရှိရမည်။ အလံတော်သည် ဖြန့်ကျက်လျက် အနေအထား တိုင်ပေါ်တွင် လွှင့်ထူသကဲ့သို့ လွတ်လပ်စွာ တည်ရှိရမည်။




(၉) ကရင့်အမျိုးသားအလံတော်အား အရှေ့အနောက်တည်ရှိသော လမ်း ပေါ်တွင် ဖြတ်၍ ချိတ်ဆွဲမည်ဆိုပါက နေရောင်ဖြာထွက်ရာနှင့် ဖားစည်ရှိရာဘက်ကို မြောက်အရပ်တွင် ထားရမည်။ တောင်နှင့် မြောက် တည်ရှိသော လမ်းပေါ်တွင်ဖြတ်၍ ချိတ်ဆွဲမည်ဆိုပါက နေရောင် ဖြာထွက်ရာနှင့် ဖားစည်ရှိရာဘက်ကို အရှေ့ဘက်တွင် ထားရမည်။




(၁၀) ကရင့်အမျိုးသားအလံတော်အား ပလ္လင်ပေါ်တွင် အသုံးပြုမည်ဆိုပါက စကားပြောမည့်သူ၏အနောက်ဘက် အပေါ်ဘက် နံရံပေါ်တွင် ချိတ်ဆွဲရမည်။ တိုင်ထောင်၍ချိတ်ဆွဲရမည် ဆိုပါက စကားပြောသူ၏ လက်ယာဘက်တွင် ထားရှိရမည်ဖြစ်ပြီး တစ်ခြားအလံများနှင့် စိုက်ထူရမည်ဆိုပါက အခြားအလံများမှာ လက်ဝဲဘက်တွင်ထားရှိရမည်။



(၁၁) ကရင့်အမျိုးသားအလံတော်အား အစည်းအဝေးတွင်လည်းကောင်း၊ ဘုရားရှိခိုးကျောင်းတွင်လည်းကောင်း၊ ပလ္လင်ပေါ်တွင်လည်းကောင်း၊ စိုက်ထူရမည်ဆိုပါက အစည်းအဝေးတက် ရောက်သူများ၏ အရှေ့ဘက်တွင် လည်းကောင်း၊ ဘုရားရှိခိုးတက်ရောက်သူများ၏ အရှေ့လက်ယာဘက်တွင် ထားရှိရမည်။ တစ်ခြားအလံများနှင့် စိုက်ထူမည်ဆိုပါက အခြားအလံများမှာ လက်ဝဲဘက်တွင် ထားရှိရမည်။




(၁၂) အောက်မေ့ဖွယ်အခမ်းအနား (Memorial Day)များတွင် ကရင့် အမျိုးသား အလံတော် တစ်ဝက်စိုက်ထူခြင်းအား မွန်းတည့်အချိန်အထိ လွှင့်ထူရမည်ဖြစ်ပြီး မွန်းတည့်အချိန်ပြီးနောက်ပိုင်းမှစ၍ အလံတိုင်ထိပ်သို့ ပြန်လည်လွှင့်တင်ရပြီး နေဝင်သည်အထိ စိုက်ထူရမည်။ အလံတစ်ဝက်စိုက်ထူခြင်း၏ အဓိပ္ပာယ်မှာ ကရင်အမျိုးသားများအတွက် အသက်ပေးလှူခဲ့ကြသော အာဇာနည်များအား ဂုဏ်ပြုအလေးပြုခြင်း ဖြစ်ပြီး၊ အလံတိုင်ထိပ်သို့ ပြန်လည် လွှင့်တင်ခြင်း၏ အဓိပ္ပာယ်မှာ လူမျိုးတစ်မျိုး ဆက်လက် အသက်ရှင်တည်ရှိနေခြင်းကို ဆိုလိုသည်။



(၁၃) အမျိုးသားအလံတော် တစ်ဝက်လွှင့်ထူခြင်းသည် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို ပုံဆောင်ခြင်းဖြစ်သည်။ ပထမဦးဆုံး အလံတော်ကို ထိပ်ဆုံးအထိ လွှင့်ထူရမည် ဖြစ်ပြီး နောက်မှသာ အလယ်တစ်ဝက်သို့ လွှင့်ထူရမည် ဖြစ်သည်။ နေဝင်ချိန်တွင် အလံတော်အား ဖြုတ်သိမ်း

ရာ၌ အလယ်တစ်ဝက်ခန့် လှွင့်ထူထားသော အလံတော်အား ထိပ်ဆုံးသို့ ပြန်လည်လွှင့်ထူပြီးမှသာ ဖြုတ်သိမ်းရမည်။




(၁၄) ကရင့်အမျိုးသားအလံတော်အား စျာပန အခေါင်းတလားတွင် ဖုံး၍ အသုံးပြုလိုပါက နေရောင်ဖြာထွက်ရာနှင့် ဖားစည်ရှိရာဘက်သည် လူသေ အခေါင်း၏ ဦးခေါင်းပိုင်းတွင် ရှိရမည်ဖြစ်ပြီး လူသေခေါင်း၏ ဘယ်ဘက်တွင် ရှိရမည်။ အမျိုးသားအလံတော်အား တွင်းထဲသို့ မချရပါ။ အမျိုးသားအလံတော်အား ဇာအဖြစ် ဖုံးအုပ်ရန်သာ အသုံးပြုရမည်။




(၁၅) ကရင့်အမျိုးသားအလံတော်အား ဗျည်းမှတ်ကျောက်တိုင်များ ဖွင့်လှစ်ရန်အတွက် ဖုံးအုပ်ရာတွင်လည်းကောင်း၊ ထွင်းရာတွင်လည်းကောင်း၊ ဖုံးအုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည်။ သို့သော်လည်း ပစ္စည်းများ ဖုံးအုပ်ရာတွင် အသုံးမပြုချေ။





(၁၆) ကရင့်အမျိုးသားအလံတော်အား ပြုပြင်ချုပ်လုပ်ခြင်း မလုပ်ရပါ။ ဟောင်းနွမ်းသွားသဖြင့် အရောင်များ မလှပတော့သဖြင့် အသုံးမပြုလိုတော့ပါက ပစ်စလတ်ခတ် မစွန့်ပစ်သင့်ပါ။ ရှိသေလေးစားစွာဖြင့် သိမ်မွေ့စွာ ဖျက်ဆီးစွန့်ပစ်သင့်ပါသည်။ အကောင်းဆုံးမှာ လေးစား သိမ်မွေ့စွာဖြင့် မီးရှို့ဖျက်ဆီးရမည်။





## (၂၂) ဖားစည်အကြောင်း

ဖားစည်သည် ကရင်အမျိုးသားများ၏ တူရိယာပစ္စည်းများထဲမှ တစ်ခု ဖြစ်ပြီး ကရင်အမျိုးသားများ၏ ရိုးရာလက္ခဏာတစ်ခုအဖြစ် ယနေ့ထိတိုင် ကရင်အမျိုးသားတို့၏ အလေးအမြတ်ထားရသော ပစ္စည်းတစ်ခုဖြစ်သည်။ ကရင့်အမျိုးသားပြတိုက်ထဲတွင် ထိန်းသိမ်းရလောက်အောင် တန်ဖိုးထား၊ အထွတ် အမြတ်ထား၊ အလေးထားရသော ပစ္စည်းတစ်ခုဖြစ်သည်။ ဖားစည်၏ မူလဇစ်မြစ် မည်သည့်နေရာတွင် စတင်ခဲ့သည်ကိုမူ မသိရှိရသေးချေ။ သမိုင်း အထောက်အထားရေးသားချက်များအရ မြန်မာနိုင်ငံအတွင်း BC–၅၀၀၀ တွင် စတင်ဖြစ်ပေါ်လာသည်ဟု ရေးသားဖော်ပြကြသည်။ ဖားစည်ကို ဗီယက်နမ် သချိုင်းများ၊ ကျောက်ဂူများထဲတွင် ရှာဖွေတွေ့ရှိရသည်။

အရှေ့မြောက် အာရှတိုက်တွင်လည်း တွေ့ရှိရသကဲ့သို့ တရုတ်နိုင်ငံ ယူနန်ပြည်၊ ကုလားပြည် အိန္ဒိယ၊ သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် လာအိုနိုင်ငံများတွင် တွေ့ရသည်။

ဖားစည်ကို ရွှေ၊ ငွေ၊ ကြေးနီ၊ သံဖြူ(သွပ်)၊ ခဲ စသည်တို့ဖြင့် သွန်းလုပ်လေ့ရှိသည်ဟု သိရှိရပြီး ကရင်လူမျိုးများမြန်မာနိုင်ငံအတွင်း စတင် ဝင်ရောက်လာရာတွင် ဖားစည်ကို သယ်ဆောင်လာခဲ့ကြပြီး တရုတ်ပြည် ယန်စီမြစ်ဖျားဝလူမျိုးများနေထိုင်ရာဒေသမှစတင်၍ ဖားစည်ကို ကောင်းမွန်စွာသွန်းလုပ်တတ် မြောက်ပြီးဖြစ်သည်။ အမျိုးသမီးသွန်းလုပ်သောဖားစည်သည် အမျိုးသားသွန်းလုပ်သောဖားစည်ထက် ပို၍ပင်လှပတင့်တယ်သည်ဟု ပြောစမှတ် ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ဖားစည်ကို အောက်ပါအတိုင်း ခေါ်ဝေါ်ခဲ့ကြသည်။

(၁) ဖားစည်အမျိုးသမီး၊ ဖားစည်အမျိုးသား၊ (ဖားစည်ကို သဲသောင်ပြင်ချောင်းဖျားဒေသတွင် အမျိုးသမီး၊ အမျိုးသားတို့ဖြင့် သွန်းလုပ်ရသည်။)

(၂) ဝအမျိုးသမီး၊ ဝအမျိုးသား၊ (ဖားစည်ကို ဝအမျိုးသမီး၊ ဝအမျိုးသားများပါဝင်သွန်းလုပ်ခြင်း။)

(၃) ပိုးကရင်အမျိုးသမီး၊ ပိုးကရင်အမျိုးသား၊ (ဖားစည်ကို ပိုးကရင်အမျိုးသမီး၊ ပိုးကရင်အမျိုးသားများ ပါဝင်သွန်းလုပ်ခြင်း။)

(၄) ဖားစည်ကို အမည်တပ်ခေါ်ရာတွင် အရှေ့တွင် ???? တပ်၍ခေါ်ဆိုရသည်။ ထိုနည်းလည်းကောင်း ဖားစည်အမျိုးသမီးအမျိုးသား သို့မဟုတ် ဖားစည်ဇနီးမောင်နှံဟု တွဲ၍ခေါ်ဆိုကြသည်။ ဖားစည်ဇနီးမောင်နှံများထဲတွင် ရွှေကွပ်၊ ငွေကွပ် (ဝေါ်ကော်ထူး–ဝေါ်ကော်စေး) ဖားစည်မှာ တန်ဖိုး အကြီးဆုံးဖြစ်သည်။ ရံဖန်ရံခါ ဖားစည်မှ ချွေးများထွက်ရှိ တတ်သဖြင့် တချို့ကဖားစည်မျက်ရည်ကျသည်ဟု ပြောဆိုကြသည်။ ထိုကဲ့သို့ဖြစ်ပါက ကြက်သွေး၊ ငှက်သွေးဖြင့် ဖြန်းပက်ပူဇော် သုတ်လိမ်း ပေးရသောယုံကြည်မှု ရှိကြသည်။

ဖားစည်မျက်နှာပြင်ပေါ်တွင် ဖားများ တစ်ကောင်နှင့်တစ်ကောင်နောက်လိုက်၍ လက်ယာဘက်မှ လက်ဝဲဘက်သို့ ရစ်ပတ်ထားသည်။ စည်းလုံးညီညွတ်ခြင်းနှင့် ကောင်းမွန်စွာ ဦးဆောင်ဦးရွက်ပြုခြင်းဟု အဓိပ္ပာယ်ရသည်။

သမိုင်းအရ ဖားစည်မှာ နှစ်မျိုးနှစ်စားရှိသည်။ တစ်မျိုးမှာ မင်္ဂလာဖားစည်နှင့် တစ်မျိုးမှာ အမင်္ဂလာဖားစည် ဟူ၍ဖြစ်သည်။ ဖားစည်ပေါ်ရှိ

ဖားများမှာ တစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင်ရှိပါက ရန်ဘက်ဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။ အေးချမ်းခြင်းမရှိ၊ ညီညွတ်ခြင်း မရှိဟု အဓိပ္ပာယ်ရသည်။ ဤကဲ့သို့သော ဖားစည်ကို ချိတ်ဆွဲ၍ မတီးပါ။ ဖားစည် မျက်နှာပြင်ကို မိုးပေါ်သို့ မျက်နှာမူလျက်တီးလျှင် သာယာသော အသံ မပေးပေ။ စည်းလုံးညီညွတ်ခြင်း မရှိသည့်အချိန်တွင် တီးလေ့ရှိသည်။

ဖူးတောအုူး၊ ဆရာဘူးမူ ရေးသားချက်များအရ ဖားစည်အမျိုးအစား (၇) မျိုး ရှိသည်။

(၁) ဖား (၄) ကောင် ဖားစည်မျက်နှာပြင်ပေါ်တွင် ဖားများတစ်ကောင်နှင့်တစ်ကောင် နောက်လိုက်၍ လက်ယာဘက်မှ လက်ဝဲသို့ ရစ်ပတ်ထားပြီး ဖားစည်၏ ကျောပြင်တွင် ထွက်ပြေးနေသော ဆင်တစ်ကောင်ရှိပြီး ချေးတုံး တစ်တုံးကျနေသော ပုံဖြစ်သည်။

(၂) ဖား (၄) ကောင် ဖားစည်မျက်နှာပြင်ပေါ်တွင် ဖား ၂ ကောင်စီထပ်၍ လက်ယာဘက်မှ လက်ဝဲသို့ ရစ်ပတ်ထားပြီး ဖားစည်၏ကျောပြင်တွင် ထွက်ပြေးနေသော ဆင်နှစ်ကောင်ရှိပြီး ချေးတုံး နှစ်တုံးကျနေသောပုံ ဖြစ်သည်။

(၃) ဖား (၄) ကောင် ဖားစည်မျက်နှာပြင်ပေါ်တွင် ဖား ၃ ကောင်စီ ထပ်၍ လက်ယာဘက်မှ လက်ဝဲသို့ ရစ်ပတ်ထားပြီး ဖားစည်၏ကျောပြင်တွင် ထွက်ပြေးနေသော ဆင်သုံးကောင်ရှိပြီး ချေးတုံး သုံးတုံးကျနေသောပုံ ဖြစ်သည်။

(၄) ဖား (၄) ကောင်မှာ မျက်နှာချင်းဆိုင်လျက် ဖားစည်၏ကျောပြင်တွင် ဆင်ကြီးတစ်ကောင်ပြေးတက် လာနေသောပုံ၊

(၅) ဖား (၄) ကောင်မှာ မျက်နှာချင်းဆိုင်လျက် ဖားစည်၏ကျောပြင်တွင် ဆင်ကြီးနှစ်ကောင် ပြေးတက်လာနေသောပုံ၊

(၆) ဖား (၄) ကောင်နှင့် ဖား (၄) ကောင် တစ်ကောင်နောက်တစ်ကောင်လိုက်ပြီး လက်ယာဘက်မှ လက်ဝဲဘက်သို့ ရစ်ပတ်နေပုံ၊

(၇) ဖားစည်မျက်နှာပြင်ပေါ်တွင် ဖား(၄)ကောင်ပျောက်သွားပြီး ဆင်(၄)ကောင်သာ ကျန်ရစ်ပြီး တစ်ကောင် နောက်တစ်ကောင်လိုက်နေကြသည်။ ဤအမှတ်အသားများမှာ အဓိပ္ပာယ်ကိုယ်စီရှိနေကြသည်။

ဖားစည်တစ်မျိုး၏ အဓိပ္ပာယ်မှာ စည်းလုံးညီညွတ်ခြင်း၊ ချစ်ခြင်းမေတ္တာ၊ မှန်ကန်ဖြောင့်မတ်ခြင်းဖြစ်ပြီး ရဲစွမ်းသတ္တိရှိသော ဆင်ပြောင်ကြီးပင်ရင်ဆိုင်ရဲသော သတ္တိ မရှိခြင်းကြောင့် ထွက်ပြေးသည်မှာ ချေးပင် ထွက်ကျသည်ဟု အဓိပ္ပာယ်ရသည်။

ဒုတိယဖားစည်တစ်မျိုးဖြစ်သည့် ဖား(၂)ကောင်ထပ် အဓိပ္ပာယ်မှာ အထက်ဖော်ပြပါ အဓိပ္ပာယ်အပြင် ဒုက္ခရောက်နေသူများအား မေတ္တာဖြင့် ရိုင်းပင်းကူညီခြင်း၊ ထိခိုက်လွယ်သူများ (အခက်အခဲရောက်နေသူများ) ဆင်းရဲတွင်း ရောက်နေသူများအား လက်တွဲကူညီဖေးမခြင်း (ထမ်းပိုးခြင်း)ဖြစ်ပြီး စသည်တို့ကြောင့် ရဲစွမ်း သတ္တိရှိသော ဆင်ပြောင်ကြီးပင် ကြောက်ရွံ့၍ ထွက်ပြေးသည်မှာ ချေးတုံးထွက်ကျသည်ဟု အဓိပ္ပာယ်ရသည်။

တတိယဖားစည်တစ်မျိုးဖြစ်သည့် ဖား(၃)ကောင်ထပ် အဓိပ္ပာယ်မှာ အကောင်းဆုံးဖြစ်ပြီး စည်းလုံးညီညွတ်ခြင်း၊ ချစ်ခြင်းမေတ္တာရှိခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ထိခိုက်လွယ်သူများကိုကူညီခြင်း စသည့် စွမ်းအားအကြီးဆုံးဖြစ်သည့်အတွက် ရဲစွမ်းသတ္တိရှိသော ဆင်ပြောင်ကြီး သုံးကောင်ပင် ရင်ဆိုင်ရဲသော သတ္တိ မရှိခြင်းကြောင့် ထွက်ပြေးသည်မှာ ချေးတုံး သုံးတုံးပင် ထွက်ကျသည်ဟု အဓိပ္ပာယ်ရသည်။

ဖား(၄)ကောင် မျက်နှာချင်းဆိုင်လျက် အမှတ်အသားမှာ စည်းလုံးညီညွတ်ခြင်း မရှိ၊ မသင့်မမြတ်ဖြစ်လျှင် ဆင်ပြောင်ကဲ့သို့ အင်အားကြီးလာပြီး ဖျက်ဆီးရန်အတွက် ဆိုက်ရောက်လာမည်ဟု အဓိပ္ပာယ် ရသည်။

## (၂၃)ကရင့်အမျိုးသားနှစ်သစ်ကူးနေ့ (သလေးလဆန်း ၁ ရက်) KNY

ကရင့်အမျိုးသား နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအား ဖော်ပြရမည်ဆိုပါက ကရင့်အမျိုးသားအသင်း (ဒေါကလု– Karen National Association)ကို မတင်ပြရလျှင် ပြည့်စုံမည်မဟုတ်ပါ။ ဒေါကလုအသင်းကြီးကို ၁၈၈၁ ခုနှစ်၊ မြန်မာနိုင်ငံတွင် မည်သည့်အသင်းမှ မပေါ်ပေါက်ချိန်တွင် စတင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ အစည်းအဝေးကို လူကြီးရွှေမောင်အောင်၏အိမ်တွင် ပြုလုပ်ခဲ့ပြီးနောက် (ချောင်းအုပ်)စောအီးကဲ့ အိမ်တွင် ထပ်မံပြုလုပ်ခဲ့သည်။ ခေါင်းဆောင်များကို အောက်ပါအတိုင်း ရွေးကောက်တင်မြောက်ခဲ့သည်။

| | |
|---|---|
| ဆရာတီသံပြာ | KNA အသင်း ဥက္ကဋ္ဌ |
| ဆရာစောတေး | အတွင်းရေးမှူး |
| လူကြီးရွှေမောင်အောင် | ဘဏ္ဍာထိန်း |
| စောလူနီ | မှတ်တမ်းရေးမှူး |

အကြံပေးခဲ့သူများမှာ စောအီးကဲ့၊ စောသာထို၊ ဆရာမြမဲ၊ ဆရာစာလူး၊ ဆရာရွှေနု တို့ပင် ဖြစ်သည်။

ခေါင်းဆောင်ကြီး ဆရာတီသံပြာ ၂၁ နှစ်တာ လုပ်ဆောင်ခဲ့ပြီးနောက်တွင် ဆရာမြစံဖိုးခွေကို ဆရာတီသံပြာ၏နေရာကို ဆက်ခံခဲ့သည်။ ဆရာမြစံဖိုးခွေအနေဖြင့် KNA ၏ ဥက္ကဋ္ဌတာဝန်ကို တစ်နှစ်ယူပြီးနောက် ဆရာဝန်စောရောဘတ်ခင်အား တာဝန်ဆက်လက်ယူရန် တင်မြှောက်ပြီးနောက် ၁၉၁၃ ခုနှစ်တွင် တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ (စာရှု ၈၉– ကရင်များ၏ တိုးတက်မှု)။ တစ်ခြားတစ်ဖက်တွင်လည်း Indian National Congress မှာလည်း ၁၈၈၅ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ရာ၊ KNA ကရင့်အမျိုးသားအသင်းကြီးမှာ Indian National Congress ထက်ပင် လေးနှစ် စော၍ စတင်ခဲ့သည်။ ထိုအချိန်တွင် အိန္ဒိယပြည်၏ ခေါင်းဆောင်မှာ မဟတ္တမ ဂန္ဒီ ခေါင်းဆောင်သည့် ကွန်ဂရက်ပါတီပင်ဖြစ်သည်။ မဟတ္တမ အဓိပ္ပာယ်မှာ GREAT SOUL ဖြစ်သည်။ KNA ခေါင်းဆောင်မှာ စောဘမောင် (BAR at Law) ဖြစ်ပြီး ဥက္ကဋ္ဌ တာဝန်ကို

အင်္ဂလိပ်များ မြန်မာပြည်ကို သိမ်းပိုက်ချိန်အထိ နောက်ဆုံးထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ KNA ခေါင်းဆောင်များအနေဖြင့် ကရင့်အမျိုးသားနေ့ (Karen National Day) ဖြစ်ပေါ်လာစေရန် ကြိုးပမ်းခဲ့သော်လည်း အင်္ဂလိပ်အစိုးရအနေဖြင့် သဘောတူညီမှု မရရှိခဲ့သဖြင့် ကရင်နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ရန် တောင်းဆိုတင်ပြခဲ့သည်။ အခြားတစ်ဖက်တွင်လည်း ကရင်နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ရန် တစ်ယောက်နှင့်တစ်ယောက် အမြင်များ မတူညီခဲ့ပေ။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် တပို့တွဲလတွင် သတ်မှတ်လိုကြပြီး၊ လယ်ကယ်ဘာသာဝင်များအနေဖြင့် တစ်ကမ္ဘာလုံး၏ နှစ်သစ်ကူးနေ့ ဇန်နဝါရီလ ၁ ရက်နေ့ကို သတ်မှတ်လိုကြသည်။ ထိုင်းနိုင်ငံအတွင်းရှိ ကရင်များ၊ တောင်ငူဒေသရှိ ဖြမ္မစိုရ်ဘာသာဝင်များအနေဖြင့် သီတင်းကျွတ် လဆန်းတစ်ရက်နေ့ကို လည်းကောင်း၊ မြေပြန့်ဒေသရှိ ကရင်များ၊ ထိုင်းနိုင်ငံရှိ ကရင်များကလည်း သလေး လဆန်း ၁ ရက် (ပြာသို လဆန်း ၁ ရက်) နေ့ကို သတ်မှတ် လိုကြသည်။

ကရင်နှစ်သစ်ကူးနှင့်ပတ်သက်၍ လွှတ်တော်သို့ တစ်ပြိုင်နက်တည်း တင်ပြရမည် ဖြစ်သဖြင့် ကရင့်လွှတ်တော်အမတ် ၁၅ ဦးမှ အသင်းကြီး၏ ဒုဥက္ကဋ္ဌဖြစ်သူ စောလွန်ဆင်ဒီဖိုးမင်းအား တိတိကျကျ လေ့လာသုံးသပ်စေပြီး သတ်မှတ်ပေးရန် တာဝန်ပေးခဲ့သည်။ ကရင့်သမိုင်းကြောင်းကို လေ့လာနေသော MR G.H Liue နှင့် MR. GE Harvey တို့၏ လေ့လာသုံးသပ်ချက်အရလည်းကောင်း၊ ဦးဖိုးကျား ရေးသားပြုစုသော မြန်မာ့သမိုင်းအရ လည်းကောင်း၊ ကရင်များ မြန်မာနိုင်ငံသို့ (မြန်မာနိုင်ငံဟု မခေါ်သေးမီ) B.C ၇၃၉ တွင် ရောက်ရှိခြင်းအရ လည်း ကောင်း၊ ဆရာမိုးလိုမှ ကရင်များ စတင်ဝင်ရောက်ချိန်မှ အစပြုပြီး AD ၁၉၃၆ အထိ ရေတွက်ရန် တင်ပြခဲ့သည်။ ကရင်များ စတင်ဝင်ရောက်ချိန် BC ၇၃၉ အချိန်မှ စတင်ရေတွက်မည်ဆိုပါက ကရင်များ မြန်မာနိုင်ငံသို့ ရောက်ရှိသည်မှာ နှစ်ပေါင်း ၂၆၇၅ နှစ်တိုင်တိုင် ရှိပြီးဖြစ်သည်။ တောင်ငူမှ လူကြီးသူမများ၏ တစ်ညီတစ်ညွတ်တည်း အတည်ပြုချက်အရ ကရင်နှစ်သစ်ကူးနေ့ကို သလေး လဆန်း ၁ ရက် ကို အတည်ပြုပြီး လွှတ်တော်သို့ တင်ပြတောင်းဆိုရန် ဥပဒေကြမ်း (Bill) ကို စောလွန်ဆင်ဒီဖိုးမင်းမှ (Presented)ဟု လက်မှတ် ရေးထိုးခဲ့သည်။

ကရင်နှစ်သစ်ကူးနေ့အကြောင်းအရာကို အထက်လွှတ်တော်အမတ် ဆရာစံဘော်မှ ဦးဆောင်တင်ပြ၍ ဒေါက်တာဘမော်ထံမှတစ်ဆင့် အရေးတယူ ဆောင်ရွက်ခဲ့သောကြောင့် အစိုးရမှသဘောတူခဲ့ပြီး ကတ်ဘိနက် အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ (Cabinet Executive Power)မှ Governor ထံသို့တင်ပြခဲ့ သည်။ နိုင်ငံတော် အစိုးရအဖွဲ့ Governor မှ သဘောတူညီခဲ့ပြီး Negotiable Instrument Act ၏ အတည်ပြုချက်အရ နေ့ထူးနေ့မြတ်အဖြစ် အစိုးရမှ အသိအမှတ်ပြုခဲ့သည်။ ကရင်နှစ်သစ်ကူးနေ့သည် ပထမဆုံး အစိုးရရုံးပိတ်ရက် တစ်ရက် ဖြစ်သည်နှင့်အညီ ပထမဆုံး ကရင်နှစ်သစ်ကူးနေ့ကို ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၊ မြန်မာလ ၁၂၉၉ ခုနှစ်၊ သလေးလဆန်း ၁ ရက်တွင် စတင် ကျင်းပနိုင်ခဲ့သည်။ ထိုနေ့တွင် ဝတ်လုံတော်ရ စောဆစ်ဒနီလူနီမှ နှစ်သစ်ကူး သဝဏ်လွှာကို အသံလွှင့်ဌာနမှ လွှင့်ခဲ့သည်။ ဦးကြီး ဖိုးတေးလိန်း၏ တွက်ချက်မှုအရ ကရင်နှစ်သစ်ကူးမှာ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ တွင်လည်း ကျရောက်နေသည်။ ထို့ကြောင့် ကရင်နှစ်သစ်ကူးမှာ အင်္ဂလိပ် ပြက္ခဒိန် အရ ၂ ကြိမ် ကျရောက်နေသည်ကို မှတ်သားထားရမည်။ ပထမဆုံး ကရင်နှစ်သစ်ကူးနေ့ သဝဏ်လွှာကို (၁) အဖိုး စောစံစီဖိုး၊ (၂) မန်းဘခွေ၊ (၃) မန်းလှဖေ၊ (၄) စောဆစ်ဒနီလူနီ၊ (၅) စောပေသာ တို့ပင် ဖြစ်သည်။ ထို့ကြောင့် ကရင်အမျိုးသားနှစ်သစ်ကူးသည် တရား ဥပဒေအရ အင်္ဂလိပ်အစိုးရလက် ထက်မှပင် အသိအမှတ်ပြုထားသော ကရင်တစ်မျိုးသားလုံး၏ နေ့ထူးနေ့မြတ် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## (၂၄) ကရင်အမျိုးသားလူဦးရေ

မိဘ ဘိုးဘွားများ၏ စကားပုံအရ သမိုင်းများကို မှတ်တမ်းတင်သူများ အနေနှင့် ၎င်းတို့၏လေ့လာချက်အရ ကရင်လူမျိုးများသည် ယခုကျွန်ုပ်တို့ နေထိုင်ရာနေရာသို့ အစောဆုံးရောက်ရှိသူများဖြစ်ပြီး၊ ယခုအခေါ် မြန်မာ ပြည် (ဗမာပြည်)ပင် ဖြစ်သည်။ ကုလားဖြူ (အင်္ဂလိပ်) လာရောက် မအုပ်ချုပ်မီ အချိန်က နယ်နိမိတ်များမရှိသေးပါ။ ကရင်များ နေရာအနှံ့အပြားသို့ ရောက် ရှိ နေထိုင်ခဲ့ကြပြီး ထိုင်းနိုင်ငံတွင်လည်း တော်တော်များများနေထိုင် ကြသည်။ ထို့ နည်းတူ မြန်မာနိုင်ငံတွင်လည်း ဧရာဝတီတိုင်းမှအစ နေထွက်ရာအရပ် အထိ ကရင်အမြောက်အမြား ပျံ့နှံ့နေထိုင်ကြသည်။ သို့သော်လည်း ကရင်လူဦးရေ စာရင်းအား တစ်ကြိမ်တစ်ခါမှ အတိအကျ ရရှိခြင်း မရှိသေးပါ။ ကရင် လူဦးရေ စာရင်းအား ကုလားဖြူ(အင်္ဂလိပ်)လက်ထက်တွင်လည်းကောင်း၊ ဂျပန် လက် ထက်တွင်လည်းကောင်း၊ မြန်မာ(ဗမာ)အစိုးရလက်ထက်တွင်လည်းကောင်း၊ အတိအကျရရှိရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ကရင်လူဦးရေစာရင်းအား ကုလားဖြူ(အင်္ဂလိပ်)လက်ထက်မှစ၍ ယခုအချိန်အထိ ခန့်မှန်းကြည့်ရာ (၇) သန်းထက်မနည်း ရှိမည်ဟု မှန်းဆရသည်။ ကရင်လူဦးရေမှာ ပိုမိုများလာရမည် ဖြစ်သော်လည်း တစ်နေရာနှင့် တစ်နေရာ ဖော်ပြရာတွင် တဖြည်းဖြည်း နည်း လာသည်ကို တွေ့ရသည်။ ကရင်လူဦးရေ စာရင်းအား ၁၉၇၅ ခုနှစ်၊ မဆလ အစိုးရလက်ထက်၌ ခန့်မှန်းဖော်ပြရာတွင် အောက်ပါအတိုင်းဖြစ်သည်။

(၁၉၉၃) ခုနှစ် ကရင့်သမိုင်းကော်မတီမှ (၁၉၇၅) သန်းခေါင်စာရင်းအရ–

| | |
|---|---|
| ကရင် | ၅ .၃ သန်း မှ ၅ .၅ သန်း |
| ကရင်နီ | ၀ .၂ သန်း |
| ပအို့ဝ် (တောင်သူ) | ၀ .၃ သန်း |
| ရှမ်း | ၄ .၀ သန်း |
| မွန် | ၂ .၀ သန်း |
| ရခိုင် | ၁ .၅ သန်း |
| ချင်း | ၀ .၅ သန်း |
| ပလောင် | ၀ .၇ သန်း |
| ကချင် | ၀ .၅ သန်း |
| လားဟူ | ၀ .၄ သန်း |
| ဝ | ၀ .၂ သန်း |
| နာဂ၊ လီရှော၊ ရှမ်းတရုတ်၊ အခြား | ၀ .၄ သန်း |
| ဗမာ | ၁၃ .၀ သန်း |
| တခြားနိုင်ငံသား | ၁ .၀ သန်း |

အထက်တွင်ဖော်ပြထားသော ကရင်လူဦးရေစာရင်းမှာ အနီးစပ်ဆုံး တွက်ချက် တင်ပြထားခြင်းသာဖြစ်သည်။ ကရင်လူဦးရေစာရင်း နည်းလာခြင်း အကြောင်းအရာမှာ အောက်ပါအချက်များကြောင့်ဖြစ်သည်။

(၁) ကရင်လူဦးရေစာရင်းအား ကောက်ယူရာတွင် တစ်ကြိမ်တစ်ခါမျှ တိကျစွာ ကောက်ယူခဲ့ခြင်း မရှိသေးပါ။

(၂) ကုလားဖြူ (အင်္ဂလိပ်)လက်ထက်က ကောက်ယူခဲ့သော လူဦးရေ စာရင်း မှာလည်း ပြည့်စုံခြင်း မရှိပါ။

(၃) ကရင်လူမျိုး ဗုဒ္ဓဘာသာဝင်ဦးရေ ၈၀%မှ ၉၀%မှာလည်း ဘာသာနှင့် လူမျိုး ရောနှောတွက်ချက်ခြင်းခံရသဖြင့် ဗမာလူဦးရေစာရင်းထဲတွင် ပါဝင် နေသည်။

(၄) ကရင်လူမျိုးများမှာ ဗမာများနှင့် သွေးနှောခြင်းခံရသဖြင့် သားသမီးများ၏

အမည်များမှာလည်း စော၊ နော်၊ စ၊ (သို့မဟုတ်) နန့် ဖြင့်ခေါ်ရမည့်အစား မောင်၊ မ, စသည်ဖြင့် ခေါ်ယူခြင်းကြောင့်ဖြစ်သည်။

(၅) ကရင်များမှာ ဖိနှိပ်ချုပ်ခြယ်မှုပေါင်း များစွာခံရ၍ ကရင်စကား မပြောတတ်ရုံမျှမက၊ အများအားဖြင့် ဗမာလိုသာ ပြောကြခြင်း၊ ကရင်စာကိုလည်း မရေးတတ်ခြင်း စသည့်အကြောင်းများကြောင့် ဗမာလူဦးရေစာရင်းတွင် တည့်သွင်းခြင်းခံလိုက်ရသည်။ အမှန်တကယ်တွင် ထိုသူများသည် မိမိကရင်လူမျိုးကိုချစ်သည်မှာ ကေန်အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် ကရင်လူမျိုးအားလုံး ကရင်စကားပြန်လည်ပြောဆိုနိုင်ရန်လိုအပ်ပြီး သားသမီးများ၏ အမည်နာမများအား ကရင်နာမည် မှည့်ပေးသကဲ့သို့ ကရင် စကားပြောတတ်ရန်လည်း တစ်ပြိုင်တည်း လိုအပ်ပြီး၊ ကရင်ရိုးရာ အဝတ်အစားဝတ်ဆင်ခြင်းများကိုလည်း လေးစားစွာလုပ်ဆောင်ရန်လိုအပ်သည်။ ယနေ့ ခေတ် ကရင်များမှာ ကြီးမားမြောက်မြားစွာ ဖိနှိပ် ချုပ်ခြယ်မှုများကြောင့် မိမိဘာသာ စကားကို ပြောဆိုရန် ရှက်ရွံ့လာကြသည်။

(၁၉၉၁– ၁၉၉၉) MARTIN SMITH ရေးသားထားသော BURMA INSURGENCY AND POLITICS OF ETHNICITY စာအုပ်တွင် ဖော်ပြထားချက်အရ–

–မြန်မာနိုင်ငံတွင် လူဦးရေ ၄၃သန်း

–ကရင်လူဦးရေ ၁၄သန်း

ကရင်တစ်မျိုးသားလုံး၏စာရင်းကို အောက်ပါအတိုင်းတွက်ချက်ခဲ့သည်။

| | |
|---|---|
| ကရင် (Karen) | ၂၀ .၀% |
| ရှမ်း (Shan) | ၉ .၂% |
| မွန် (Mon) | ၉ .၀% |
| ကုလားမဲ (Indian) | ၀ .၇% |
| ရခိုင် (Arakan) | ၅ .၆% |
| ချင်း (Chin) | ၆ .၀% |

| | | |
|---|---|
| ပလောင် (Palaung-Wa) | ၃ .၅% |
| ကချင် (Kachin) | ၃ .၅% |
| တရုတ် (Chinese) | ၂ .၃% |
| ရိုဟင်ဂျာ (Rohinja) | ၁ .၉% |
| တစ်နိုင်ငံလုံးရှိ ဗမာ | ၃၁. ၁% |

၁၉၀၁ ခုနှစ် မှ စတင်၍ ၁၉၃၁ ခုနှစ်အတွင်း ပြည့်စုံစွာ ကောက်ယူနိုင်ခြင်း မရှိခဲ့သော်လည်း လူဦးရေ တိုးတက်လာသည်ကို တွေ့ရှိရသည်။ ဂျပန်ခေတ်ကာလတွင် ကရင်လူဦးရေစာရင်းမှာ ၃သန်းကျော်၊ ၄သန်း နီးပါးရှိသည်။

Major Ethnic Groups of Burma

## တောင်းဆိုထားသော ကရင်ပြည်အကျယ်အဝန်း

၁၉၄၇ ခုနှစ် အောက်တိုဘာလ (၁၁)ရက်တွင် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးမှ မော်လမြိုင်တွင် ကျင်းပသော ကွန်ဂရက်အစည်းအဝေးကြီးတွင် ကရင့်ပြည် အကျယ်အဝန်းကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည်။

၁။ ကုလားဖြူ (အင်္ဂလိပ်) လက်ထက်မှစ၍ တည်ရှိခဲ့သော တနင်္သာရီဒေသ။

၂။ ဧရာဝတီတိုင်းဒေသကြီး။

၃။ အင်းစိန်မြို့။

၄။ ညောင်လေးပင်၊ ပဲခူးခရိုင်မြောက်ပိုင်း– Nyaung Lay Bin Sub District:

## (၂၅) အရေးကြီးနေ့ထူးနေ့ရက်များ

ကရင့်အမျိုးသားနေ့ထူးနေ့မြတ်များ (Gazetted Holidays)များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကရင့်အမျိုးသားနှစ်သစ်ကူးနေ့ (သလေးလဆန်း ၁ရက်) KNY

(၂) ကရင့်အမျိုးသားလွတ်လပ်ရေးနေ့ ကြေညာသောနေ့ ဇန်နဝါရီလ (၅) ရက်၊

(၃) ကရင့်အမျိုးသားလွတ်မြောက်ရေးအတွက် တော်လှန်ရေးနေ့ (Karen Revolution Day) ဇန်နဝါရီလ ၃၁ ရက်၊

(၄) KNUကရင့်အမျိုးသားအစည်းအရုံးနေ့ (KNU Day) ဖေဖော်ဝါရီလ ၅ ရက်နေ့၊

(၅) ကရင့်အမျိုးသားနေ့ (Karen National Day) ဖေဖော်ဝါရီလ ၁၁ ရက်၊

(၆) ကော်သူးလေးနေ့ ဇွန်လ ၁၄ ရက်နေ့၊

(၇) ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နေ့ KNLA Day ဇူလိုင်လ ၅ ရက်နေ့၊

(၈) ကရင့်အမျိုးသားကာကွယ်ရေးတပ်မတော်နေ့ ဇူလိုင်လ ၁၆ ရက်၊

(၉) ကရင့်အာဇာနည်နေ့ ဩဂုတ်လ ၁၂ ရက်နေ့၊

(၁၀) ခရစ်တော်မွေးဖွားရာနေ့ (ခရစ္စမတ်နေ့) ဒီဇင်ဘာလ ၂၅ ရက်

တို့သည် ပြည်သူတို့၏ ယုံကြည်ခံယူထားချက်အရ နိုင်ငံတော်အစိုးရမှ လေးစား အသိအမှတ်ပြုရန် လိုအပ်သည်။

## ကရင်အမျိုးသားနေ့

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့သည် ကရင်အမျိုးသား အစည်းအရုံး၏ ဦးဆောင်မှုအောက်တွင် ကရင်အမျိုးသား ကာကွယ်ရေးတပ်မတော် KNDO နှင့် ကရင်ပြည်သူလူထု လေးသိန်းခွဲကျော် ကရင်ပြည်ရရှိရေးအတွက် တိုင်းနှင့်ပြည်နယ်များတွင် ပိုစတာများကိုင်ဆောင်၍ တိတ်ဆိတ်စွာ လှည့်လည် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ကြွေးကြော်သံမှာ–

–ကရင်ပြည်ချက်ချင်းပေး (တစ်ပြိုင်တည်း)ပေး။

–ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြ။

–လူမျိုးရေးအဓိကရုဏ်း အလိုမရှိ။

–ပြည်တွင်းစစ် အလိုမရှိ။

ကရင်များယခုကဲ့သို့တိတ်ဆိတ်စွာ ဆန္ဒပြနေစဉ် ဗမာများမှာ လက်ခုပ်လက်ဝါးများ တီးလျက် ကရင်ပြည် ဘယ်တော့မှ မရဘူးဟု သရော်ခဲ့ကြသည်။ ယခုကဲ့သို့ တောင်းဆိုခြင်းမှာ လူနည်းစုသာဖြစ်သည်။ ခရစ်ယာန်များ၊ မြို့ပေါ်ရှိကရင်များ၊ ကရင်အများစုမှာ ကရင်ပြည်လိုချင်ကြသည်မဟုတ်။ ထို့ကြောင့် ကရင်ပြည်ရရှိရေးအတွက် အများဆန္ဒကိုရယူနိုင်ရန် မြို့တွင်းသို့စုစည်း၍ လှည့်လည်ခဲ့ကြခြင်းဖြစ်သည်။

ထိုကဲ့သို့ လှည့်လည်ခဲ့ကြခြင်းကြောင့် ပိုးကရင်များ၊ စကောကရင်များ၊ ဘွဲ၊ ပကူး စသည့် စသည့်ကရင် မျိုးနွယ်စုများသာမက ကွင်းရှိကရင်များ၊ တော၊ တောင်၊ မြို့၊ ရွာ တို့မှ အမျိုးသမီး၊ အမျိုးသား၊ လူငယ်၊ လူကြီး၊ အနီးအဝေးပါ မကျန်၊ ပူးပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြသဖြင့် ဗမာအစိုးရအနေဖြင့် စိုးရိမ်စိတ်များ ဖြစ်ပေါ်ခဲ့ပြီး အောင်မြင်သော ဆန္ဒထုတ်ဖော်မှုတစ်ခု ဖြစ်ခဲ့သည်။

ကရင်ပြည်တောင်းဆိုရေး ဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြသောခရိုင်၊ မြို့နယ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| ခရိုင် | မြို့နယ် | လူဦးရေ | |
|---|---|---|---|
| ပဲခူး | ညောင်လေးပင်သင့်ချောင်း | ၁၀ ၀၀၀ | ကျော် |
| | | ၉ ၀၀၀ | ခန့် |
| အင်းစိန် | အင်းစိန်နှင့်ရန်ကုန် | ၁၂ ၀၀၀ | ကျော် |
| | လှည်းကူး | ၅ ၀၀၀ | ကျော် |
| | ထန်းတပင် | ၃ ၀၀၀ | ကျော် |
| | တိုက်ကြီး | ၄ ၀၀၀ | ကျော် |
| | အုတ်ကန် | ၆၀၀ | ကျော် |
| | **စုစုပေါင်း** | **၂၄ ၆၀၀** | **ကျော်** |
| သာယာဝတီ | သာယာဝတီ | ၃ ၀၀၀ | ကျော် |
| | မင်းလှ | ၃ ၀၀၀ | ကျော် |
| | ကြို့ပင်ကောက် | ၁ ၀၀၀ | ကျော် |
| | မိုးညို | ၅၀၀ | ကျော် |
| | **စုစုပေါင်း** | **၇ ၅၀၀** | **ကျော်** |
| မအူပင် | မအူပင် | ၂၀ ၀၀၀ | ကျော် |
| | ညောင်တုန်း | ၂၀ ၀၀၀ | ကျော် |
| | ဓနုဖြူ | ၃၀ ၀၀၀ | ကျော် |
| | ပန်းတနော် | ၁၅ ၀၀၀ | ကျော် |
| | **စုစုပေါင်း** | **၈၅ ၀၀၀** | **ကျော်** |
| ပုသိမ် | ပုသိမ် | ၂၀ ၀၀၀ | ကျော် |
| | ကျုံပျော် | ၂၀ ၀၀၀ | ကျော် |
| | ငပုတော | ၈ ၀၀၀ | ခန့် |
| | **စုစုပေါင်း** | **၄၈ ၀၀၀** | **ကျော်** |

| ခရိုင် | မြို့နယ် | လူဦးရေ |
| --- | --- | --- |
| မြောင်းမြ | မြောင်းမြ | ၂၀ ၀၀၀ ကျော် |
| | အိမ်မဲ | ၁၅ ၀၀၀ ကျော် |
| | ဝါးခယ်မ | ၁၅ ၀၀၀ ကျော် |
| | **စုစုပေါင်း** | **၅၀ ၀၀၀ ကျော်** |
| ဟင်္သာတ | ဟင်္သာတ | ၄ ၀၀၀ ကျော် |
| | အင်္ဂပူ | ၅ ၀၀၀ ကျော် |
| | **ဇလွန်** | **၁၅ ၀၀၀ ကျော်** |
| | စုစုပေါင်း | ၂၄ ၀၀၀ ကျော် |
| ဖျာပုံ | ဘိုကလေး | ၅ ၀၀၀ ကျော် |
| | ကျိုက်လတ် | ၃ ၀၀၀ ကျော် |
| | **စုစုပေါင်း** | **၈ ၀၀၀ ကျော်** |
| တောင်ငူ | တောင်ငူ | ၂၀ ၀၀၀ ကျော် |
| | ကျောက်ကြီး | ၅ ၀၀၀ ကျော် |
| | ရွှေကျင် | ၆ ၀၀၀ ကျော် |
| | **စုစုပေါင်း** | **၃၀ ၀၀၀ ကျော်** |
| သထုံ | သထုံ | ၅၀ ၀၀၀ ကျော် |
| | ပေါင် | ၃၀ ၀၀၀ ကျော် |
| | ဖားအံ | ၂၅ ၀၀၀ ကျော် |
| | လှိုင်းဘွဲ့ | ၂၀ ၀၀၀ ကျော် |
| | ဘီးလင်း | ၄ ၀၀၀ ကျော် |
| | **စုစုပေါင်း** | **၁၃၅ ၀၀၀ ကျော်** |
| ကရင်နီပြည် | မော်ချီး | ၁ ၅၀၀ ကျော် |
| | လွိုင်ကော် | ၅၀၀ ကျော် |
| | **စုစုပေါင်း** | **၂ ၀၀၀ ကျော်** |

**စုစုပေါင်း အားလုံး ၄၅၄ ၁၀၀ (လေးသိန်းခွဲကျော်)**

ထိုနေ့သည် ကရင်တမျိုးသားလုံး စည်းလုံး ညီညွတ်စွာဖြင့် ကရင်ပြည် ရရှိရေးအတွက် တောင်းဆိုဆန္ဒပြမှု၏ အနှစ်သာရမှာ တစ်နိုင်ငံလုံးမှ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ခဲ့သည်။ ထိုနေ့ကို အစွဲပြု၍ ယနေ့ထိတိုင် "ကရင်အမျိုးသားနေ့" အဖြစ်သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပလျက် ရှိပေသည်။

## ကရင့်လွတ်လပ်ရေးကြေညာသောနေ့ (၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်)

ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၏ ဦးဆောင်မှုအောက်တွင် ကရင်တစ်မျိုးသားလုံးဖိနှိပ် ချုပ်ခြယ်မှုအပေါင်းမှ လွတ်မြောက်၍ မိမိတိုင်းပြည်နှင့်မိမိတို့ နေထိုင်နိုင်ရန် ခေါင်းဆောင်များမှ ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။ ကရင်များအနေဖြင့် ကုလားဖြူ (အင်္ဂလိပ်)ထံတွင် တင်ပြတောင်းဆိုခဲ့ရာ၊ ကုလားဖြူများက ဖဆပလထံတွင် တောင်းဆိုခိုင်းခဲ့ပြန်သည်။ ဖဆပလ အစိုးရအနေဖြင့် ဗမာများလွတ်လပ်ရေးရရန် အောင်ဆန်း အက်တလီစာချုပ်၊ နုအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ၎င်းစာချုပ်များတွင် ကရင်များအကြောင်း တစိုးတစဉ်းမျှ မပါသောကြောင့် ကရင့်ခေါင်းဆောင်များအနေဖြင့် များစွာစိတ်မကောင်းဖြစ်ကြရသည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးချိန်၌ ကရင်ခေါင်းဆောင်များမှလည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ကို ကရင့်လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ၎င်းနောက်ပိုင်းတွင် ဖဆပလ အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ လက်နက်ကိုင် တိုက်ပွဲအဆင့်သို့ရောက်ခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့တွင် တိုက်ပွဲ စတင်ဖြစ်ပေါ်ခဲ့သည်။ ကရင့်တော်လှန်ရေး တစ်လျှောက် နေ့ထူးနေ့မြတ်များ သတ်မှတ်ခဲ့ကြ သော်လည်း ကရင့် လွတ်လပ်ရေး ကြေညာသောနေ့မှာ နေ့ထူးနေ့မြတ်များထဲတွင် မပါဝင်သေးချေ။

## ကရင့်တော်လှန်ရေးနေ့ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့

ကရင့်တစ်မျိုးသားလုံး ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ရန်အတွက် ကုလားဖြူ (အင်္ဂလိပ်)အစိုးရလက်ထက်မှပင် စတင်၍ ကြိုးပမ်းခဲ့ကြသည်။ ကရင်များ၏ လိုအင်ဆန္ဒကို ငြိမ်းချမ်းစွာ တောင်းဆိုခဲ့ကြသည်ချည်းပင်ဖြစ်သည်။ နိုင်ငံရေး ပဋိပက္ခ ကြီးထွားလာသော်လည်း ကရင်များမှာ လက်နက်ကိုင် ပဋိပက္ခကို ရှောင်ကြဉ်ရန် ကြိုးစားခဲ့ကြသည်။ သို့သော် ဖဆပလအစိုးရ၏ စစ်တပ်ဖြစ်သော လဲဗီးတပ်များမှ ကရင်များနေထိုင်သော စမ်းချောင်း၊ သမိုင်း စသည့် နေရာများကို လှည့်ပတ်မီးရှို့ကြပြီး၊ နောက်ထပ် အင်းစိန်ရှိ ကရင်ခေါင်းဆောင်များ နေထိုင်သော နေရာများသို့ပါ ဆက်လက်လုပ်ဆောင်လာကြသဖြင့် ကရင်များ၏အသက်အိုးအိမ်နှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် လက်နက်ကိုင်လမ်းစဉ်ကို ငြင်းပယ်ရန် မဖြစ်နိုင်တော့သည်သာမက လက်နက်ကိုင် ပဋိပက္ခအတွင်းသို့ တွန်းပို့ခြင်းခံရသဖြင့် ကရင့်လက်နက်ကိုင်တော်လှန်ရေးမှာ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ရက် နေ့တွင် အင်းစိန်မှ စတင် ပေါ်ပေါက်ခဲ့ရသည်။

## ကရင့်အမျိုးသားအစည်းအရုံးနေ့ ဖေဖော်ဝါရီလ ၅ရက်နေ့

ကရင့်အမျိုးသားအစည်းအရုံး– KNA နှင့် ၄င်း၏လုပ်ဆောင်ချက်များအား မတင်ပြလျှင် ပြည့်စုံမည် မဟုတ်ပါ။ ကရင့်အမျိုးသားအသင်း (ဒေါကလု)သည် ၁၈၈၁ ခုနှစ်၊ မြန်မာနိုင်ငံ၌ မည်သည့်အဖွဲ့အစည်းမှ မပေါ်ပေါက်သေးမီ အချိန်မှစ၍ စတင်ပေါ်ပေါက်လာခဲ့သည်။ အစည်းအဝေးကို လူကြီးရွှေမောင်အောင်၏ နေအိမ်အပြီး၊ ချောင်းအုပ်စောအီးကဲ့ အိမ်တွင် စတင်ခဲ့သည်။ ရွေးကောက်တင်မြှောက်ခဲ့သော ခေါင်းဆောင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ဆရာတီသံပြာ | KNA ကရင့်အမျိုးသားအသင်း ဥက္ကဋ္ဌ |
| ဆရာစောတေး | ခေါင်းဆောင် |
| လူကြီးစောရွှေမောင်အောင် | ဘဏ္ဍာထိန်း |
| စောလူးနီ | မှတ်တမ်းရေးမှူး |

စသည်တို့ပင်ဖြစ်သည်။

အကြံပေးအနေဖြင့် – စောအီးကဲ့၊ စောသာထို၊ ဆရာမြမဲ၊ ဆရာစာလူး၊ ဆရာရွှေနု တို့ပင် ဖြစ်သည်။

ဆရာတီသံပြာ (၂၁)နှစ်ကြာ ဥက္ကဋ္ဌတာဝန်ယူခဲ့ပြီးနောက် ဆရာမြစံဖိုးခွေကို ဆရာတီသံပြာနေရာကို ရွေးကောက်တင်မြောက်ခဲ့သည်။ ဆရာမြစံဖိုးခွေ (၁)နှစ်ကြာ ဥက္ကဋ္ဌတာဝန်ယူပြီးနောက်တွင် နောက်တစ်နှစ်တွင် ဒေါက်တာဆရာစောရေဘတ်ခင်ကို ဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်ခဲ့ပြီး ၁၉၁၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ (စာ ၈၉၊ ကရင်နှင့်တိုးတက်ရေးရှု)။ တစ်ခြားတစ်ဖက်တွင်လည်း INDIAN NATIONAL CONGRESS ကို ၁၈၈၅ ခုနှစ် တွင်စတင်ခဲ့ကြောင်း ဒေါကလု ခေါ် ကရင်အမျိုးသားအသင်း KNA (KAREN NATIONAL ASSOCIATION) မှာ INDIAN NATIONAL CONGRESS ထက်လေးနှစ်စောပြီး စတင်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်အိန္ဒိယပြည်၏ ခေါင်းဆောင်အမည်မှာ MAHATMA GANDHI ပင်ဖြစ်ပြီး CONGRESS PARTYကို ဦးဆောင်နေသူဖြစ်သည်။ MAHATMA ၏ အဓိပ္ပာယ်မှာ GREAT SOUL ဖြစ် သည်။ KNA- ခေါင်းဆောင်စောဘမောင် (BAR AT LAW) မှာ နောက်ဆုံးဥက္ကဋ္ဌ ဖြစ်ပြီး ကုလားဖြူများ မြန်မာနိုင်ငံအား သိမ်းပိုက်ချိန်အထိ ဖြစ်သည်။ ဂျပန်များ မြန်မာနိုင်ငံသို့ဝင်ရောက်ချိန်တွင် ကရင်များမှာ BIA (BURMA INDEPENDENCE ARM) များ၏ ညှဉ်းပမ်းနှိပ်စက်ခြင်းကိုခံရ၍ KNA ခေါင်းဆောင်များအနေဖြင့် ကရင်များငြိမ်းချမ်းစွာနေထိုင်နိုင်ရန် ဦးဆောင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့လုပ်ဆောင်သောအဖွဲ့သည် KCO (KAREN CENTRAL ORGANIZATION) ဖြစ်ပြီး ခေါင်းဆောင်မှာ စောဘမောင် ဖြစ်သည်။ ထိုအဖွဲ့အစည်းသည်လည်း KNA မှ ဆင်းသက်လာခြင်းဖြစ်သည်။

ထို့နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာ ကရင်များမှလည်း ကရင်များလွတ်လပ်စွာနေထိုင်နိုင်ရန် အဖွဲ့အစည်းများ ထူထောင်ရာ BKNA (Buddhist Karen National Association) ဗုဒ္ဓဘာသာကရင်အသင်း ပေါ်ပေါက်လာရသည်။ ၎င်းအဖွဲ့အား စောမြသိန်းနှင့် ဘုန်းကြီးဦးပဏ္ဍာဝံသတို့မှ ဦးဆောင်ခဲ့ကြသည်။ အကြောင်းမှာ KNA အသင်းဖြစ်စေ၊ KCO အဖွဲ့အစည်း ဖြစ်စေ ခေါင်းဆောင်များမှာ အများအားဖြင့် ခရစ်ယာန်ဘာသာဝင်

များ ဖြစ်ကြသည်။ ထိုနည်းလည်းကောင်း ကရင်လူငယ်များမှလည်း ကရင်လူငယ်အစည်းအရုံးကို ၁၉၄၅ ခုနှစ်တွင် ကရင်လူထုအစည်းအဝေး ကျင်းပပြီးနောင်တစ်ချိန်တွင် အမြင်ချင်း မတူညီဖြစ်ကာ ကွဲလွဲလာမည်ကို စိုးရိမ်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ ကရင်လူငယ်အစည်းအရုံး၏ ခေါင်းဆောင်မှာ ဗိုလ်ထွန်းစိန်ပြားကြီးဖြစ်ပြီး ကွဲပြားခြင်း မဖြစ်စေရန် ကတိပြုခဲ့ပြီး ကရင်လူငယ်အစည်းအရုံး KYO ကို ဖွဲ့စည်းခဲ့သည်။ ထိုအချိန်တွင် KCO နှင့် KYO တို့ အချင်းချင်း ကူညီလုပ်ဆောင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ရန်သူမှ KYO အတွင်း ဝင်ရောက်လာပြီး ကရင်အမျိုးသားအသင်း၏ လမ်းပြမှုကို နားထောင်မှု မပြုတော့ချေ။ ထို့ကြောင့် ဒေါကလု(KCO) ခေါင်းဆောင်များ အနေဖြင့် (KYO) ခေါင်းဆောင်များနှင့် ညီညွတ်စွာ ကြိုးစားပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြသော်လည်း တိုးတက်လာခြင်း မရှိခဲ့ပေ။ ကရင် တစ်မျိုးသားလုံး ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ပြီး ကိုယ့်ပြည်နှင့်ကိုယ်ရှိရန်အတွက် ကရင်အားလုံး စတင်ကြိုးပမ်းလုပ်ဆောင်ရာတွင် ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ လုပ်ဆောင်နိုင်ရန်အတွက် KNA မှ ခေါင်းဆောင်များ၊ KCO မှ ခေါင်းဆောင်များ၊ BKNA မှ ခေါင်းဆောင်များ၊ KYO မှ ခေါင်းဆောင်များ စည်းဝေး၍ ကရင်ပြည်ရရှိရေးအတွက် ကရင်အဖွဲ့အစည်းများ တစ်ဖွဲ့တည်းအဖြစ် စုပေါင်းရန် အကြံဉာဏ်များပေးခဲ့ကြသည်။ ၎င်း အစည်းအဝေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့ မှ ၇ ရက် အထိ ကျင်းပခဲ့ရာ အဖွဲ့ ၄ ဖွဲ့ (KNA, KCO, BKNA)နှင့် KYO တို့ စုပေါင်း၍ KNU (Karen National Union)ကို ဖွဲ့စည်းရန် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် နေ့ တွင် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ထိုအချိန်မှ စ၍ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံးသည် ကရင်တစ်မျိုးသားလုံးအတွက် ဦးဆောင်သော အဖွဲ့အစည်း ဖြစ်ခဲ့သည်။

## ကရင်အမျိုးသားနေ့ ဖေဖော်ဝါရီလ (၁၁)ရက်

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့သည် ကရင့်တစ်မျိုးသားလုံး၏ လိုအင်ဆန္ဒနှင့် စည်းလုံးညီညွတ်မှု၊ ရဲရင့်မှုကိုပြသော နေ့တစ်နေ့ဖြစ်ပေသည်။ အကြောင်းမှာ ကေအဲန်ယူ– ကရင်အမျိုးသား အစည်းအရုံး၏ ခေါင်းဆောင်များမှ ကရင်များ ကရင်ပြည်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် "ကရင်များမှာ ကရင်ပြည်လိုချင်သောသူများမဟုတ်၊ ပြောသောသူများသာ လိုချင်ကြခြင်းသာဖြစ်သည်" ဟု ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၏ ခေါင်းဆောင်များအား မကောင်းပြောခံရခြင်း၊ နာကျင်အောင်ပြောခြင်း၊ ဝေဖန်ရှုံ့ချခြင်းများခံခဲ့ရပြီး ကရင်ပြည်လိုချင်သည်မှာ လူနည်းစုသာဖြစ်သည် ဟုဝေဖန်ခံခဲ့ရသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးရှိသူများ ကရင်တစ်မျိုးသားလုံး၏ ဆန္ဒကိုသိရှိစေရန် စည်းလုံးညီညွတ်မှုကိုပြသော နေ့တစ်နေ့ဖြစ်ခဲ့သည်။ ယခုကဲ့သို့ စည်းလုံးညီညွတ်မှုမှာ ကရင့်သမိုင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမှ မကြား၊ မမြင်ခဲ့ဖူးပေ။ ထိုနေ့တွင် ကရင်များမှ နိုင်ငံရေးတောင်းဆို တင်ပြချက် (၄)ချက် ကို အစိုးရ၏ ဥပဒေ ပြဌာန်းချက်အတိုင်း အော်ဟစ်ခြင်းမပြုပဲ ကြွေးကြော်သံ၊ တောင်းဆိုချက် (၄)ချက်ကို ပိုစတာများပေါ်တွင် ကိုင်ဆောင်၍ လှည့်လည်ဆန္ဒပြခဲ့ကြသည်။ ၄င်းကြွေးကြော်သံ (၄)ချက်မှာ–

၁။ ကရင်ပြည်ချက်ချင်း (တစ်ပြိုင်တည်း)ပေး။

၂။ ကရင်တစ်ကျပ် ဗမာတစ်ကျပ် ချက်ချင်းပြု။

၃။ လူမျိုးရေးအဓိကရုဏ်း အလိုမရှိ။

၄။ ပြည်တွင်းစစ် အလိုမရှိ တို့ဖြစ်သည်။

## ကော်သူးလေးနေ့ (၁၉၄၉ ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့)

အင်းစိန်တိုက်ပွဲတွင် လက်လွတ်ဆုံးရှုံးပေးရပြီးနောက် နောက်တန်းသို့ ပြန်လှည့်ရာ ဧရာဝတီတိုင်းရှိ ရဲဘော်များမှာ ဧရာဝတီတိုင်း (Delta)သို့လည်းကောင်း၊ တောင်ငူမှချီတက်လာသော စစ်ကြောင်းမှာလည်း တောင်ငူသို့လည်းကောင်း ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။ တော်လှန်ရေးဌာနချုပ်ကိုလည်း တောင်ငူသို့ ရွှေ့ပြောင်းခဲ့သည်။ ထိုအချိန်တွင် ခေါင်းဆောင်ကြီးစောဘဦးကြီးမှာလည်း တောင်ငူသို့ရောက်ရှိနေသဖြင့် ကော်သူးလေအစိုးရကို ၁၉၄၉ ခုနှစ်၊ ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ ကော်သူးလေအစိုးရကို ဇွန်လ (၁၄) ရက် နေ့တွင် ဖွဲ့စည်းခဲ့ရာ ကတ်ဘိနက် (Cabinet)ခေါင်းဆောင်များမှာ–

| | | |
|---|---|---|
| (၁) | ခေါင်းဆောင်ကြီးစောဘဦးကြီး | ကတ်ဘိနက်ခေါင်းဆောင်–<br>ပြည့်ခေါင်းဆောင် |
| (၂) | ဦးလှဖေ | နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ |
| (၃) | စောဖိုးမောင် | ပြည်တွင်းဆက်သွယ်ရေးတာဝန်ခံ |
| (၄) | မင်းကြီးရွှေလေး | ကာကွယ်ရေးဝန်ကြီး |
| (၅) | မင်းကြီးထူးရာဦး | ဘဏ္ဍာရေးဝန်ကြီး |
| (၆) | စောစိန်ဌေး | လယ်ယာနှင့်သစ်တောဝန်ကြီး |
| (၇) | ဆရာဘထွန်း | ပညာရေးဝန်ကြီး |
| (၈) | စောဂျွန်ဆင်ဒီဖိုးမင်း | သယ်ယူပို့ဆောင်ရေး<br>(လမ်းပန်းဆက်သွယ်ရေး)ဝန်ကြီး။ |

## ကရင့်လွတ်မြောက်ရေးတပ်မတော်နေ့ (KNLA DAY) – ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့

ကရင့်လွတ်မြောက်ရေးတပ်မတော်နေ့ကို ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့အဖြစ် သတ်မှတ်ထားသည်၊ တော်လှန်ရေး စတင်ချိန်တွင် ကရင့်လက်နက်ကိုင်များဖြစ်ကြသော (Union Malitary Police, (UMP), (Police Force), (Forest Armed Guard), (Karen National Defence Organization (KNDO) နှင့် Karen Rifles တို့ စုပေါင်းကာ ရန်သူကို တော်လှန်ခဲ့ကြသဖြင့် ကြိုးကိုင်မှုမှ လွတ်ကင်းရန် ကရင့်လက်နက်ကိုင်များအနေဖြင့် စုပေါင်း၍ တစ်ပေါင်းတစ်စည်းတည်းအဖြစ် ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့တွင် ကော်သူးလေ တပ်မတော် (KawthooLei Armed Forces KAF) အဖြစ်ဖွဲ့စည်းခဲ့ပြီး ထိုနေ့ကို ကရင့်တပ်မတော်နေ့ အဖြစ် သတ်မှတ်ခဲ့ကြသည်။

ကရင့်တပ်မတော်နေ့အဖြစ်သတ်မှတ်ရန် ၁၉၅၆ ခုနှစ် ကေအဲန်ယူ ကွန်ဂရက်တွင် အတည်ပြုခဲ့ပြီး ကရင့်တော်လှန်ရေးတပ်မတော် (Karen National Liberation Army-KNLA)ဟု အမည်ပြောင်းကာ အတည်ပြုခဲ့သည်။ KNLA၏ အုပ်ထိန်းမှုအောက်တွင် တပ်မတော်(၃)ရပ်တည်ရှိပြီး ၄င်းတို့မှာ Karen National Defence Organization-KNDO), Karen People Guerrilla Force-KPGF), KPLA-Karen People Liberation Army)တို့မှာ ဌာနချုပ်၏ လက်အောက်တွင် တည်ရှိသည်။ နောက်ပိုင်းတွင် KNDO နှင့် KNLA အဖြစ် ပြန်လည်စုစည်းခဲ့သည်။

## ကရင့်အမျိုးသားကာကွယ်ရေးတပ်မတော်နေ့ (KNDO Day) ဇူလိုင်လ၊ ၁၆ ရက်

ကရင့်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO)သည် ကရင်လူမျိုးများ ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ရန်အတွက် ဆောင်ရွက်ခဲ့မှုများကြောင့် သမိုင်းတွင် နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ကရင်အမျိုးသားများ၊ မွန်အမျိုးသားများ၊ ဗမာများ၏အနိုင်ကျင့်မှုကို သမိုင်းတစ်လျှောက်ခံခဲ့ရကြသည်။ ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံသို့ ရောက်ရှိချိန် ၁၉၄၂ ခုနှစ်မှစ၍ ကရင်လူမျိုးများမှာ BIA တပ်များ၏ ညှဉ်းပမ်းနှိပ်စက်မှုအမျိုးမျိုးနှင့် အဓမ္မပြုကျင့်ခြင်းများကို အားလုံးသိရှိခဲ့ကြရပြီး၊ တစ်ချို့ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။ ထို့ကြောင့် ကရင်အမျိုးသားအစည်းအရုံးမှာလည်း ဖိနှိပ်ချုပ်ချယ်မှုများ ဖြစ်ပေါ်လာ မည်ကို ကြိုတင်မှန်းဆ၍ ကရင်များ မိမိတိုင်းပြည်နှင့်မိမိ လွတ်လပ်စွာ နေထိုင်နိုင်ရန် အချိန်ကျရောက်ပြီဟု ယူဆသည်။ ထို့ကြောင့် ဆင်ခြင်မှန်းဆ၍ လှုပ်ရှားမှုများ လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရမည်ဖြစ်သည်။ ကာကွယ်ရေး(KNDO)အဖွဲ့မှာ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ အကြောင်းမှာ ကုလားဖြူ(အင်္ဂလိပ်)ထံမှ မြန်မာနိုင်ငံလွတ်လပ်ရေး ရချိန်တွင် အလံဖြူကွန်မြူနစ်ပါတီသော်လည်းကောင်း၊ အလံနီကွန်မြူနစ်ပါတီသော်လည်းကောင်း၊ ရဲဘော်ဖြူသော်လည်းကောင်း၊ ဘာမားရိုင်ဖယ် (Burma Rifle) သော်လည်းကောင်း၊ ဖဆပလအစိုးရကို လက်နက်ကိုင်ဆန့်ကျင်တော်လှန်၍ အစိုးရမှာလည်း မည်သို့မျှအုပ်ချုပ်၍ မရေရာသော အချိန်ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်မှာလည်း အုပ်ချုပ်၍မရဘဲ နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ခဲ့ရသည်။ ရန်ကုန်ကို ပြန်လည်အုပ်ချုပ်နိုင်ရန် ဖဆပလအစိုးရကို ကူညီသည့်အနေဖြင့် ဖဆပလ၏ တောင်းဆိုချက်အရ KNDO မှ လုံခြုံရေးတာဝန်ကို ထမ်းရွက်ခဲ့သည်။ ထို့ကြောင့် KNDO အဖွဲ့သည် ဥပဒေအကြောင်းအရ တရားဝင် အဖွဲ့အစည်းအဖြစ် တည်ရှိသည်။ KNDO ကာကွယ်ရေးအနေဖြင့် ဖဆပလအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင်ပါဝင်ခဲ့ပြီး တစ်ပြိုင်တည်းတွင် ကရင်အမျိုးသားများကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ အဖွဲ့အစည်း စတင်ပေါ်ပေါက်ခဲ့ပြီးချိန်မှစ၍ အင်းစိန်တိုက်ပွဲ ဖြစ်ပွားသည့်အချိန်ထိ ကာကွယ်ရေးခေါင်းဆောင်မှာ မန်းဘဇန်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ရေးတပ်၏အဦးဆုံး ခေါင်းဆောင်မှာ မန်းဘဇန် ဖြစ်သည်။

## ကရင့်အာဇာနည်နေ့ (ဩဂုတ်လ ၁၂ရက်)

၁၉၅၀ခုနှစ်၊ ဩဂုတ်လ ၁၂ရက်နေ့သည် ခေါင်းဆောင်ကြီး စောဘဦးကြီးနှင့် အပေါင်းအပါများ ကော့ကရိတ်အပိုင်၊ ထို့ကော်ကိုးရွာဘေးတွင် ၄င်းတို့၏ အသက်ကိုပေးလှူခဲ့ရသော နေ့တစ်နေ့ပင်ဖြစ်သည်။ ခေါင်းဆောင်ကြီး စောဘဦးကြီးမှာ ကရင်တစ်မျိုးသားလုံး ချစ်ခင်လေးစားရသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ သူသည် ကရင့်အမျိုးသားရေးအတွက် မိမိပိုင်ဆိုင်သော ဥစ္စာများကို စွန့်လွှတ်၍ အနစ်နာခံလုပ်ဆောင်သော ခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ကြီးမားသောတာဝန်များ ခံယူထားသကဲ့သို့ ကရင်တစ်မျိုးသားလုံးအတွက် တိကျသောအစီအစဉ်များ ရှိထားပြီး ဖြစ်သည်။ ထိုအစီအစဉ်များကြောင့် ခေါင်းဆောင်ကြီး စောဘဦးကြီး၊ ဗိုလ်ချုပ်စန်းကေနှင့် နောက်ပါများမှာ လူပလဲဝေ (လှိုင်းဘွဲ့)မှနေ၍ ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးရွာသို့ ထွက်ခွာလာရာ မှောင်လာပြီ ဖြစ်သောကြောင့် တဲတစ်လုံးတွင် နေထိုင်စခန်းချခဲ့သည်။ တစ်ချိန်တည်းတွင် တောင်ပေါ်သို့ အာရုံပြုချိန်လည်း ဖြစ်သည်။ (ထိုအချိန်တွင် စစ်တပ်များ တောင်ပေါ်ဒေသသို့ ရွှေ့ပြောင်းနေချိန်ဖြစ်သည်။)

ထိုအချိန်တွင် ထို့ကော်ကိုး ရွာလူကြီး ဖိုးလှကြည်၏ညီတစ်ယောက်မှ ရန်သူအား သတင်းပေးခြင်းကြောင့် ရန်သူမှ ညတွင်းချင်း လာရောက် စောင့်ဆိုင်း၍ ခေါင်းဆောင်ကြီးစောဘဦးကြီးနှင့် အပေါင်းအပါများအား ဝိုင်းထားခဲ့ကြသည်။ နံနက်စောစောအချိန်တွင် စောဘဦးကြီးနှင့် အပေါင်းအပါများအား စတင်ခြောက်လှန့်ပစ်ခတ်ခဲ့ပြီး စောဘဦးကြီးနှင့် အပေါင်းအပါများအား

လက်နက်ချရန် အမိန့်ပေးခဲ့သည်။ လက်နက်ချအညံ့မခံဘဲ ရဲရဲရင့်ရင့် ပြန်လည်ခုခံတိုက်ခိုက်ရင်း အသက်ပေးခဲ့သည်။ ကရင်တစ်မျိုးသားလုံးကို ချစ်သောကြောင့် သင်နှင့် ကျွန်ုပ်အတွက် အသက်ပေးခဲ့ခြင်းပင် ဖြစ်သည်။ ၁၉၅၆ ခုနှစ် ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၏ ကွန်ဂရက်အစည်းအဝေးကြီးတွင် ကရင်အမျိုးသားလုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်ရာ၌ ကရင်တစ်မျိုးသားလုံး လွတ်မြောက်ရေးအတွက် ကရင်သက်ကြီးရွယ်အိုများ၊ အပျိုလူပျို၊ ကလေးများနှင့် အသက်ပေါင်းမြောက်မြားစွာ ခေါင်းဆောင်ကြီး စောဘဦးကြီးကဲ့သို့ ပေးဆပ်ခဲ့ကြသည်။ ခေါင်းဆောင်ကြီး စောဘဦးကြီး အသက်ပေးခဲ့သည့် ဩဂုတ်လ ၁၂ရက်နေ့ကို ကရင့်အာဇာနည်နေ့အဖြစ် သတ်မှတ်အတည်ပြုခဲ့သည်။ တစ်ပါးသူများမှ မိမိလူမျိုးကို နာကျင်အောင်ပြုလုပ်ခြင်းထက် မိမိလူမျိုးအချင်းချင်း နာကျင်အောင်ပြုလုပ်ခြင်းသည် ပိုမို၍ နာကျင်သဖြင့် ကရင်အချင်းချင်း ပိုမိုစည်းလုံးရန် အထူးလိုအပ်သည်။



## ခေါင်းဆောင်ကြီး စောဘဦးကြီး

ခေါင်းဆောင်ကြီး စောဘဦးကြီးကို ၁၉၀၃ ခုနှစ်၊ ဧရာဝတီတိုင်း၊ ဘဲဂရက်တွင် မွေးဖွားခဲ့သည်။ သူသည် သူဌေးသူကြွယ် စောသာမြတ်ကြီး မိသားစုမှ ပေါက်ဖွားလာသော သားကြီးတစ်ဦးဖြစ်သည်။ ငယ်စဉ်က ပုသိမ်မြို့ ကရင်ကျောင်းတွင် (၇)တန်းအထိ ပညာသင်ကြားခဲ့ပြီးနောက် မော်လမြိုင်မြို့ ကုလားဖြူ (အင်္ဂလိပ်)ကျောင်းတွင် ဝင်းတာစပူး အမည်ဖြင့် ပညာဆက်လက် သင်ကြားခဲ့သည်။ ဆယ်တန်းစာမေးပွဲကို မက်ဒရစ်ဖြင့်အောင်ခဲ့ပြီး ဥပဒေ ပညာ ကို အင်္ဂလန်တွင် ဆက်လက်သင်ယူခဲ့သည်။ အင်္ဂလန်တွင် B.L (BARS AT LAW) ကို ရရှိပြီးနောက် ဥပဒေပညာကို ထူးထူးချွန်ချွန် တတ်မြောက်ခဲ့သည်။ အင်္ဂလန်၌ ကျောင်းတက်စဉ်အတွင်း အင်္ဂလိပ်အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင် ကျခဲ့ပြီး ဒုတိယကမ္ဘာစစ်မတိုင်မီအထိ မိသားစုနှင့် ပုသိမ်မြို့တွင် နေထိုင်ပြီး ဥပဒေ ပညာဖြင့် အသက်မွေးဝမ်းကြောင်း ပြုခဲ့သည်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားချိန်တွင် ကရင်လူမျိုးများအတွက် အားသွန် ခွန်စိုက် လုပ်ဆောင်ပေးခဲ့သည်။ ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်ရောက်စဉ်က စောဘဦးကြီးမှာ ရန်ကုန်မြို့တွင် နေထိုင်ခဲ့သည်။ ကရင်အမျိုးသားများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးရန် KCO ကရင်ဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ခေါင်းဆောင်တစ်ယောက်အနေဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

ဂျပန်များကို တိုက်ထုတ်စဉ်အတွင်းကလည်း လျှို့ဝှက်စွာပါဝင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် ကရင်အမျိုးသားအရေးအတွက် ဇောက်ချ လုပ်ကိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ပြီးနောက်ပိုင်း ကရင်အမျိုးသားများအတွက် လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ချထား၍ အင်္ဂလန်ရှိ မိသားစုထံသို့ ပြန်မသွားခဲ့ပေ။ မိသားစုနှင့် ပြန်နေရန် မဖြစ်နိုင်သောကြောင့် အမျိုးသမီးထံမှ ကွာရှင်းစာချုပ်ကို လက်မှတ်ထိုးပေးခဲ့သော်လည်း မိသားစုကို ဆက်လက်ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ၁၉၄၈ ခုနှစ် နောက်ပိုင်းတွင်မှ အရေးပိုင်ဦးဇံ၏ သမီး နော်မော်နီထာ(B.A) နှင့် လက်ထပ်ခဲ့သည်။ စောဘဦးကြီးကို ကရင့်အရေးအရာများအတွက် အင်္ဂလန်နှင့် ဆက်သွယ်ရန် KCO ၏ တာဝန်ပေးခြင်းခံရသူတစ်ဦးလည်း ဖြစ်သည်။ KCO ခေါင်းဆောင်များထဲတွင်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။ ကေအဲန်ယူ အစည်းအရုံးအား တိုက်ခိုက်ခံရချိန်တွင် စောစံဖိုးသင်မှာ အသင်းကြီးမှ နုတ်ထွက်ခဲ့သည့်အတွက် စောဘဦးကြီးမှ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းယူခဲ့ရသည်။ ထိုအချိန်မှစ၍ ကရင့်အမျိုးသားရေးအတွက် အသက်သေသည့်အထိ ရေကုန်ရေခမ်း ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဖြစ်သည်။

## ခေါင်းဆောင်ကြီး စောဘဦးကြီး၏ ဂုဏ်ပြုမှတ်သားစရာများနှင့် နမူနာယူ လုပ်ဆောင်စရာများ

(၁) သူသည် ကြွယ်ဝချမ်းသာသူ၏ သားဖြစ်ရုံမျှမက အတတ်ပညာရှိသူ၊ မြင့်မြတ်သူ တစ်ယောက်ဖြစ်သည်။ ဥစ္စာဓနစည်းစိမ်ကိုစွန့်၍ ကရင့် အမျိုးသားရေးအတွက် ဆင်းရဲသားတစ်ယောက်ကဲ့သို့ ပင်ပန်းဆင်းရဲခံကာ လုပ်ဆောင်ခဲ့သည်။

(၂) သူသည် စကောကရင်လူမျိုးဖြစ်ပြီး ခရစ်ယာန်တစ်ယောက်ဖြစ်သည်။ ကရင့်အမျိုးသားရေးကို စတင်တာဝန်ယူခဲ့ချိန်မှစ၍ ဘာသာရေးကိုရှေ့တန်းတင်ခြင်း၊ လူမျိုးစု သဘောထားခြင်းမရှိဘဲ ကရင်လူမျိုးတစ်ဦးကဲ့သို့သာ ခံယူကာ ကရင့်အမျိုးသားရေးအတွက် ဆောင်ရွက်ခဲ့သည်။

(၃) မဟာဗမာလူမျိုးကြီးဝါဒကို တိုက်ဖျက်ပြီး ကရင်အမျိုးသားများ ချစ်ခင်ရန်နှင့် စည်းလုံးညီညွတ်ရန်သာ အသုံးပြုလုပ်ဆောင်ခဲ့သည်။

(၄) နိုင်ငံရေးကို ရေရှည်ကြိုတင်တွက်ဆနိုင်ရည်ရှိပြီး၊ တော်လှန်ရေးအတွက်လည်း စိတ်အားထက်သန်သူဖြစ်သည်။

(၅) တော်လှန်ရာတွင် မူဝါဒကို တော်လှန်ခြင်းဖြစ်သည်။

(၆) အလုပ်လုပ်ဆောင်ရာတွင်လည်း စေ့စပ်သေချာစွာ လေ့လာသုံးသပ်ပြီး စနစ်တကျစီမံခန့်ခွဲကာ လုပ်ငန်းစဉ်ပြီးမြောက်အောင် ဆောင်ရွက်တတ်သူဖြစ်သည်။

(၇) အနာဂတ်ကိုကြိုတင်မြင်နိုင်စွမ်းနှင့် စည်းမျဉ်းဥပဒေများကို လိုက်နာပြီး ကိုယ်ကျိုးမဖက် ရဲရဲရင့်ရင့် ဖြင့် မျော်လင့်ချက်ကြီးမားသူလည်းဖြစ်သည်။

(၈) ကရင်တစ်မျိုးသားလုံးက ချစ်ခင်သကဲ့သို့ တစ်ခြားသောလူမျိုးများကပါ ချစ်ခင်ကြသည်။

အချုပ်အားဖြင့်ဆိုရသော် စောဘဦးကြီးသည် တော်လှန်ရေး အနှစ်သာရ ပြည့်ဝသူတစ်ယောက်ဖြစ်ပေသည်။ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လ ၁၂ရက်နေ့၊ ကော့ကရိတ်အပိုင် ထို့ကော်ကိုးရွာတွင် ရန်သူအား ပြန်လည်ခုခံ တိုက်ခိုက်ရင်း အသက်ပေးခဲ့သူလည်းဖြစ်သည်။



## ဗိုလ်ချုပ်ကြီးစောစန်းကေ

ဗိုလ်ချုပ်စန်းကေကို ၁၉၁၅ ခုနှစ်တွင် မော်လမြိုင်မြို့နယ်၊ ဘီလူးကျွန်းတွင် မွေးဖွားခဲ့သည်။ ငယ်စဉ်အခါက ကရင်အထက်တန်းကျောင်းတွင် တက်ရောက်ခဲ့ပြီး ရန်ကုန်၊ ယုဒသန်ကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ ရန်ကုန်တွင် B.A အောင်ခဲ့ပြီးနောက် B.L ဥပဒေပညာကို ဆက်လက်သင်ကြားခဲ့ သည်။ မိဘများမှာ လုပ်နိုင်စားနိုင်သူများ ဖြစ်ကြသည်။ စောစန်းကေမှာ ကျောင်းတက်ချိန်မှစ၍ နိုင်ငံရေးကို လိုက်စားသူတစ်ယောက် ဖြစ်သည်။ သူသည် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကော်လိပ်ကျောင်းသား ခေါင်းဆောင်များထဲတွင် တစ်ဦးအပါအဝင်လည်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် B.A အောင်ပြီးနောက် ရန်ကုန် ကိုလိုနီ နယ်ချဲ့တွင် အလုပ်ဝင်ခဲ့သည်။ ကိုလိုနီနယ်ချဲ့တွင် အလုပ်လုပ်စဉ်အခါ မျက်နှာဖြူကိုလိုနီများ အလုပ်သမားများကို ညှဉ်းဆဲသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် မခံမရပ်နိုင်ဘဲ အလုပ်သမားများအဖွဲ့ကို ဖွဲ့စည်းပြီး မျက်နှာဖြူ ကိုလိုနီနယ်ချဲ့များ၏ ညှဉ်းပမ်း နှိပ်စက်မှုများကို တုန့်ပြန်စေခဲ့သည်။

ထိုကဲ့သို့လုပ်ဆောင်မှုကြောင့် အလုပ်မှထုတ်ပစ်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် တပ်ထဲသို့ဝင်ခဲ့ပြီး ဗိုလ်တစ်ယောက်ဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် အင်္ဂလိပ်ဘက်မှနေ၍ ဂျပန်များကိုတိုက်ခိုက်ခဲ့ပြီး ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် တပ်မှထွက်ခဲ့ပြီး ကရင့်အမျိုးသားရေးအတွက် အားသွန်ခွန်စိုက် ပါဝင်လုပ်ဆောင်ခဲ့သည်။ KYO ကို စတင်ဖွဲ့စည်းစဉ်က ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ကေအဲန်ယူ– ကရင်

အမျိုးသားအစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့ရာတွင်လည်း ခေါင်းဆောင်တစ်ဦး အနေဖြင့် ပါဝင်ခဲ့သည်။ သူသည် ကရင်တစ်မျိုးသားလုံးအတွက် ခေါင်းဆောင်ကြီး စောဘဦးကြီးနှင့်အတူ အသက်ပေးခဲ့သူလည်း ဖြစ်သည်။ ကေအဲန်ယူ ဗဟိုဌာန ချုပ်၏ ခေါင်းဆောင်တစ်ဦးဖြစ်သကဲ့သို့ သုဝဏ္ဏတိုင်း အယ်ဒီတာ ဖြစ်သည့် အပြင် KNDO– ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်၏ ခေါင်းဆောင် တစ်ဦး လည်း ဖြစ်သည်။ ပဒိုဦးတိုး၏သမီး နော်အေးကြူနှင့် လက်ထပ်ခဲ့သည်။

## စောစန်းကေ၏ ဂုဏ်ပြုမှတ်သားစရာများနှင့် နမူနာယူ လုပ်ဆောင်စရာများမှာ

(၁) ဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်သော်လည်း ကျန်တိုင်းရင်းသားလူမျိုးများ၏ ချစ်စရာဓလေ့များနှင့် စည်းလုံးညီညွတ်မှုကို အတုယူအသုံးပြုသည်။

(၂) ကရင်အမျိုးသားတစ်ယောက်အနေဖြင့် ဘာသာရေးကို ထူးထူးခြားခြား ထားရှိခြင်း မရှိသကဲ့သို့ လူတန်းစားခွဲခြားခြင်းမရှိပါ။

(၃) ကိုလိုနီနယ်ချဲ့ဝါဒကို ဆန့်ကျင်ခြင်းနှင့် တိုင်းရေးပြည်ရာများကို ဆောင် ရွက်ခြင်း။

(၄) အတတ်ပညာအဆင့်အတန်းမြင့်မားခဲ့ပြီး အထက်တန်းအဆင့်တွင်ရှိသော် လည်း ကရင့်အမျိုးသားရေးအတွက် ပင်ပန်းဆင်းရဲခံကာ ပစ္စည်းဥစ္စာမရှိသူ တစ်ယောက်ကဲ့သို့ နေထိုင်ခဲ့သည်။

(၅) နိုင်ငံရေးအတွေးအမြင်မြင့်မားပြီး တော်လှန်ရေးစိတ်ဓာတ် အပြည့်ရှိသူ လည်း ဖြစ်သည်။

(၆) ကြိုတင်တွေးခေါ် မျှော်မြင်မှု မြင့်မားပြီး စည်းမျဉ်းစည်းကမ်းများကို လိုက်နာ သကဲ့သို့ ကိုယ်ကျိုးမကြည့်တဲ ရဲရင့်ပြတ်သား တည်ကြည်သူလည်းဖြစ်သည်။

(၇) ကရင်တစ်မျိုးသားလုံး၏ ချစ်ခင်မြတ်နိုးမှုသာမက အခြားသောလူမျိုးများ၏ ချစ်ခင်မြတ်နိုးမှုကိုပါ ရရှိခဲ့သူဖြစ်သည်။ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် နေ့တွင် ကော့ကရိတ်မြို့နယ်၊ ထို့ကော်ကိုးရွာတွင် ရန်သူအား ပြန်လည် ခုခံတိုက်ခိုက်ရင်း အသက်ပေးခဲ့ရသည်။



## စကောမောလေး

စကောမောလေးကို အင်းစိန်တွင်မွေးဖွားခဲ့ပြီး အင်စပက်တာ စောရဲလို ၏ သားဖြစ်သည်။ အင်းစိန် အထက်တန်းကျောင်း အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် (I.A)အထိ ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်မှ ထွက်ပြီးနောက် အကောက်ခွန်ဌာနတွင် အလုပ်ဝင်ခဲ့ပြီး (P.O)အကောက်ခွန် အင်စပက်တာတစ်ယောက် ဖြစ်လာခဲ့သည်။

စကောမောလေးမှာ အားကစားဘက်တွင်လည်း ထူးချွန်သူတစ်ဦး ဖြစ်ခဲ့သည်။ ဘောလုံးအားကစားဘက်တွင် နာမည်ကြီးသူတစ်ယောက် ဖြစ်ခဲ့သည်။ တက္ကသိုလ်ဘောလုံး အားကစားအဖွဲ့တွင်လည်းကောင်း၊ အကောက်ခွန်ဌာန (ဘီလ်) အားကစားအဖွဲ့တွင်လည်းကောင်း အောင်မြင်ကျော်ကြားသော အားကစားသမား တစ်ယောက်ဖြစ်သကဲ့သို့ ဂီတပိုင်းဆိုင်ရာတွင်လည်း လိုက်စားသူဖြစ်ပြီး အဆိုအတီးဘက်တွင်လည်း ဖြစ်မြောက်သူဖြစ်သည်။

ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ လူငယ်ဌာနတွင် ခေါင်းဆောင်တစ်ဦးဖြစ်သကဲ့သို့ ကာကွယ်ရေး KNDO အဖွဲ့အကြောင်းကို လည်း လေ့လာသင်ယူသူဖြစ်သည်။ တိုက်ခိုက်ရေးဘက်တွင်လည်း ထူးချွန်သူ

တစ်ယောက် ဖြစ်သည်။ အင်းစိန်တိုက်ပွဲတွင် ရဲရဲရင့်ရင့် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူအဖြစ်လည်း ထင်ရှားသည်။ တိုက်ပွဲတွင် ခြေထောက်ဒဏ်ရာရခဲ့သော်လည်း အင်းစိန်တိုက်ပွဲပြီးနောက်ပိုင်း ကရင့်အမျိုးသားရေးအတွက် ဆက်လက် လုပ်ဆောင်ရန် အတွက် ခေါင်းဆောင်ကြီး စောဘဦးကြီးရှိရာ တောင်ငူမြို့သို့ သွားရောက်ခဲ့ရာ တချို့သောသူများ၏ အထင်လွဲခြင်းခံခဲ့ရသည်။ တောင်ငူသို့ရောက်ပြီးနောက် ပြန်လာရာ တောင်ငူကားလမ်း (၈)မိုင် အကွာတွင် တော်လှန်ရေးသမားပီပီ ရန်သူများအား သေသည်အထိ (၁၉၅၀ ခုနှစ်) ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့သည်။

## အတုယူလုပ်ဆောင်စရာအချက်များ

(၁) ကိုယ်ကျိုး မကြည့်ဘဲ ကရင်တစ်မျိုးသားလုံးအတွက် အလုံးစုံပေးဆပ်သူ။

(၂) တော်လှန်ရေးစိတ်ဓာတ်ပီပီပြင်ပြင်ရှိသူ ကိုလိုနီနယ်ချဲ့စနစ်ကိုဆန့်ကျင်သူ။

(၃) လူမျိုးကြီးဝါဒကို တော်လှန်သော်လည်း တစ်ခြားလူမျိုးများ၏ ချစ်စရာဓလေ့နှင့် စည်းလုံးညီညွတ်မှု လမ်းစဉ်များအား လက်ခံခြင်း။

(၄) အမှန်တရားကို လိုက်နာဆောင်ရွက်ခြင်း၊ ရဲရင့်ပြတ်သားသူတစ်ယောက်ဖြစ်ခြင်း။

(၅) ကရင်တစ်မျိုးသားလုံး၏ ချစ်ခင်မှုကိုများစွာ ရရှိရုံမျှမက တခြားသောလူမျိုးများ၏ ချစ်ခင်မှုကိုပါ ရရှိခြင်းတို့ ဖြစ်သည်။

## စောအောင်ဝင်း

စောအောင်ဝင်း(အိုလီဗာဘာသန်း)မှာ ကျောင်းဆရာဘာသန်း၏ သား တစ်ယောက်ဖြစ်ပြီး ထူးချွန်သော ကစားသမားတဦးဖြစ်သည်။ စောအောင်ဝင်း (B.A)အောင်ပြီးနောက် အစိုးရဌာနတွင် အလုပ်ဝင်ရာ အကောက်ခွန် ဝန်ထမ်း တဦးဖြစ်ခဲ့သည်။ ကမ္ဘာစစ်ကြီးပြီးနောက်ပိုင်းတွင် မြို့အုပ်တစ်ယောက် ဖြစ် လာပြီးအတန်ကြာသော် ကရင့်အမျိုးသားရေးအတွက် ရေကုန်ရေခန်း ဝင် ရောက်လုပ်ကိုင်ခဲ့သည်။

အားကစားဘက်တွင်လည်း နာမည်ကျော်ကြားသူတစ်ဦးဖြစ်ပြီး ထူးချွန် ထက်မြက်သူတဦးဖြစ်သည်။ တက္ကသိုလ်ကျောင်းတွင်ဖြစ်စေ၊ အစိုးရ ဌာန တွင်ဖြစ်စေ၊ နိုင်ငံလုံးဆိုင်ရာဘောလုံးအဖွဲ့ချုပ်တွင်ဖြစ်စေ ပါဝင်ခဲ့သူတစ်ဦး လည်း ဖြစ်သည်။ ၁၉၄၉ ခုနှစ် ညောင်လေးပင်တိုက်ပွဲတွင် အသက်ပေးခဲ့သူ တစ်ဦး ဖြစ်သည်။

## ဂုဏ်ပြုမှတ်သားစရာများနှင့် နမူနာယူလုပ်ဆောင်စရာများ

(၁) ကိုယ်ကျိုးမဖက်ဘဲ ကရင်တစ်မျိုးသားလုံးအတွက် မိမိခွန်အားနှင့် အသက် ကို ပေးဆပ်ခဲ့သူဖြစ်သည်။

(၂) တော်လှန်ရေးစိတ်ဓာတ်အပြည့်ဖြင့်၊ ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် နယ်ချဲ့ ကိုလိုနီများကို ဆန့်ကျင်တိုက်ခိုက်ပြီး တိုင်းပြည်အတွက် ကြိုးပမ်းခဲ့သူ ဖြစ်သည်။

(၃) လူမျိုးကြီးဝါဒကို တော်လှန်သော်လည်း တစ်ခြားလူမျိုးများ၏ ချစ်စရာ ဓလေ့နှင့် စည်းလုံးညီညွတ်မှု လမ်းစဉ်များအား လက်ခံခြင်း။

(၄) အမှန်တရားကို လိုက်နာဆောင်ရွက်ခြင်း၊ ရဲရင့်ပြတ်သားသူတစ်ယောက် ဖြစ်ခြင်း။

(၅) ကရင်တစ်မျိုးသားလုံး၏ ချစ်ခင်မှုကို များစွာရရှိရုံမျှမက တစ်ခြားသော လူမျိုးများ၏ ချစ်ခင်မှုကိုပါ ရရှိခြင်း တို့ဖြစ်သည်။



## ဦးကျော်ငွေကြီးမန်းဘဇန်

မန်းဘဇန်ကို ၁၉၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် နေ့တွင် ဓနုဖြူ၌ မွေးဖွားခဲ့သည်။ အဖ မန်းစိန်ပွင့်နှင့် အမိ ဒေါ်ချောတို့မှ မွေးဖွားခဲ့သည်။ ဖခင် မန်းစိန်ပွင့်မှာ ဓနုဖြူ ABM(AMERICAN BAPTIST MISSION) အလယ်တန်း ကျောင်းဆရာတစ်ဦးဖြစ်သည်။ မောင်နှမ(၄)ယောက်ရှိပြီး မန်းဘဇန်မှာ (၃) ယောက်မြောက် ဖြစ်သည်။ မန်းဘဇန်မှာ ရန်ကုန်တက္ကသိုလ်တွင် ကျောင်း အောင်ခဲ့ပြီး၊ ကျောင်းနေစဉ်နိုင်ငံရေးဘာသာ၊ စစ်အုပ်ချုပ်ရေး ပညာရပ်များကို လေ့လာဆည်းပူးခဲ့သည်။ အားကစားဘက်တွင်လည်း အထက်တန်းကျောင်း ဘောလုံး အသင်းခေါင်းဆောင်အဖြစ် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းတွင်လည်းကောင်း၊ ဓနုဖြူဘောလုံးအသင်းတွင် လည်းကောင်း ပါဝင်ခဲ့ပြီး စစ်အုပ်ချုပ်ရေးပညာကို ရန်ကုန်တက္ကသိုလ် (UNIVERSITY TRAINING CORP)တွင် သင်ယူလေ့လာခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ကျောင်းအောင်ပြီးနောက် ရန်ကုန်ရှိ စာရင်းစစ် မင်းကြီးရုံးတွင် စာရေးကြီးတစ်ယောက်အဖြစ် ဝင်ရောက် အလုပ်လုပ် ကိုင်ခဲ့ သည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန် အမြောက်တပ်ခွဲ(၃)တွင် တပ်သားအဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။ (၆)လ တာ စစ်မှုထမ်းပြီးနောက် ဗိုလ်သင်တန်း တက်ရောက်ခဲ့ရာ ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၂ ခုနှစ် မြန်မာနိုင်ငံ

ကို ဂျပန်များ ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့သဖြင့် စစ်မှုထမ်းအဖြစ်မှ အနားယူခဲ့သည်။ ဂျပန်များအုပ်ချုပ်နေစဉ်အတွင်း စာရေးတစ်ယောက်အဖြစ် တစ်နှစ်မျှ ဝင်ရောက်လုပ်ကိုင်ပြီးနောက် မအူပင်သို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ကုလားဖြူများ မြန်မာနိုင်ငံသို့ ဝင်ရောက်အုပ်ချုပ်စဉ်အချိန်တွင် ကုလားဖြူများမှ နေရာပေးသော်လည်း လက်မခံဘဲ ကရင်အမျိုးသားရေးအတွက်သာ လုပ်ဆောင်ခဲ့သည်။ အသက် ၂၁ နှစ် တွင် နန့်ကြည်ကြည်နှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး (၁၀) ဦး ထွန်းကားခဲ့သည်။

KNDO အဖွဲ့ စတင်ဖွဲ့စည်းပြီးသောအခါ KNDO အဖွဲ့ခေါင်းဆောင်တစ်ဦးအဖြစ် ရွေးကောက်ခြင်းခံရသည်။ ခေါင်းဆောင်ကြီးစောဘဦးကြီး ကျဆုံးချိန်တွင် ဧရာဝတီတိုင်းတွင် ရှိခဲ့ပြီး စောဟန်တာသာမွေးအား ခေါင်းဆောင်တာဝန်ကိုယူနိုင်ရန် တိုင်ပင်ဆွေးနွေးခဲ့ပြီး အရှေ့ပိုင်းသို့ ပို့ဆောင်ခဲ့သည်။

၁၉၅၆ ခုနှစ် မောကိုကွန်ဂရက်တွင် ကေအဲန်ယူ၏နိုင်ငံရေး လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်ရာ ကေအဲန်ယူ၏ ဒုတိယလမ်းစဉ်ကို ချမှတ်နိုင်ခဲ့သည်။ မောကို ကွန်ဂရက်မှ မူးဆိုးကော်ကစာ စောဟန်တာသာမွေးကို ကေအဲန်ယူ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခေါင်းဆောင်ကြီးမန်းဘဇန်ကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း အစည်းအဝေး၏သဘာပတိကြီးမှတစ်ဆင့် အတည်ပြုရွေးချယ်ခန့်အပ်ခဲ့သည်။

၁၉၆၂–ကဆောဝါးကွန်ဂရက်တွင် မန်းဘဇန်အား ကေအဲန်ယူ၏ ဥက္ကဋ္ဌ တစ်ယောက်အဖြစ် ရွေးချယ်ခဲ့ သည်။ ကေအဲန်ယူဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ၁၉၇၆ ခုနှစ် တွင် (NDF-NATIONAL DEMOCRATIC FONT) အမျိုးသားဒီမိုကရေစီတပ်ဦးကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကျန်းမာရေးကြောင့် အနားယူခဲ့စဉ် နာယကကြီးတစ်ဦးအဖြစ် ဂုဏ်ပြုခန့်အပ်ခြင်း ခံရသည်။ အများသဘောတူဆန္ဒကို လက်ခံသူလည်း ဖြစ်သည်။ ၁၉၈၂ ခုနှစ်၊ မေလ ၃၁ ရက် နေ့တွင် ကွယ်လွန်ခဲ့သည်။

## မန်းဘဇန်၏ ဂုဏ်ပြုမှတ်သားစရာများနှင့် နမူနာယူလုပ်ဆောင်စရာများ

(၁) မျိုးချစ်စိတ်ရှိသူ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး သေသည့်တိုင်အောင် ကရင်အမျိုးသားများအတွက် လုပ်ဆောင်ခဲ့ခြင်း။

(၂) လူမျိုးကြီးဝါဒကို တော်လှန်သော်လည်း တစ်ခြားလူမျိုးများ၏ ချစ်စရာဓလေ့နှင့် စည်းလုံးညီညွတ်မှု လမ်းစဉ်များအား လက်ခံခြင်း။

(၃) ကမ္ဘာ့နိုင်ငံရေးအားသိရှိနားလည်အောင် မျက်ခြေမပြတ် လေ့လာသူ ဖြစ်သည်သာမက ကရင်တစ်မျိုးသားလုံးအား စုစည်းဦးဆောင်ပြီး ကရင်တစ်မျိုးသားလုံး နိုင်ငံရေးအကြောင်းအရာ အဖြေရှာရန် အစဉ်အမြဲ ကြိုးပမ်းခဲ့သူဖြစ်ခြင်း။

(၄) ကရင်တစ်မျိုးသားလုံး လေးစားလက်ခံမှုကို ရရှိသည်သာမက အခြားလူမျိုးများ၏ လေးစားမှုကိုခံရခြင်း

(၅) ကရင့်အမျိုးသားရေးအတွက် မိမိကိုယ်ပိုင်အလုပ်၊ ရာထူးအတွက်လုပ်ဆောင်ခြင်းကို စွန့်လွှတ်ခြင်း။

(၆) နိုင်ငံရေးကို ကြိုတင်တွေးဆနိုင်သူဖြစ်ပြီး တော်လှန်ရေးစိတ်ဓာတ်ပြည့်ဝသူဖြစ်သည်။

(၇) စည်းမျဉ်းဥပဒေများကို လေးစားလိုက်နာခဲ့ပြီး၊ ရဲရင့်ပြတ်သား၍ သည်းခံတတ်သူဖြစ်သည်။



# ပဒိုစောဘာသင်စိန် ကိုယ်ရေးအကျဉ်း

၁၉၂၇ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အဖ စောဘစိန် နှင့် အမိ နော်သိန်းမြတ်တို့မှ ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမ ၉ ယောက်ရှိသည့် အနက် ဒုတိယမြောက်သား ဖြစ်သည်။

၁၉၄၆ ခုနှစ် ဟင်္သာတမြို့ အမေရိကန်နှစ်ခြင်းသာသနာပြု ကရင်အထက်တန်းကျောင်းတွင် အခြေခံပညာ အထက်တန်း အောင်မြင်ခဲ့ပြီး ၁၉၄၆ ခုနှစ် ဩဂုတ်လ မှ ၁၉၄၈ ခုနှစ်ကုန် အထိ ရန်ကုန် စစ်ရုံးချုပ် စာရင်းအင်းဌာနတွင် အမှုထမ်းခဲ့သည်။

၁၉၄၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကရင် အမျိုးသားရေး လှုပ်ရှားမှုစတင်ချိန်မှစ၍ ကရင့်တော်လှန်ရေးထဲသို့ ဝင်ရောက်ခဲ့သည်။

၁၉၄၉ ခုနှစ်မှ ၁၉၅၀ ခုနှစ်ကုန် အထိ KNU တောင်ငူခရိုင်တွင် နိုင်ငံရေးမှူး အဖြစ်လည်းကောင်း၊

၁၉၅၁ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ကော်သူးလေ အရှေ့တိုင်း ကော့ကရိတ်ခရိုင်တွင် ၃ ခရိုင် စစ်ရေးအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် KNU ဘားအံခရိုင်၏ အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး

၁၉၆၃ ခုနှစ်တွင် KNU ဗဟို အရန်ကော်မတီ ဖြစ်လာသည်။

၁၉၆၄ ခုနှစ်တွင် ကော်သူးလေ အရှေ့တိုင်း၏ နိုင်ငံရေးအရာရှိ

၁၉၆၈ ခုနှစ်တွင် KNU ဗဟို စည်းရုံးရေးဌာန တာဝန်ခံ

၁၉၇၀ ခုနှစ် မှ ၁၉၇၇ ခုနှစ်အထိ KNU ဘိတ်ထားဝယ်ခရိုင် ဥက္ကဋ္ဌ

၁၉၇၈ ခုနှစ်တွင် KNU ဗဟို ကျန်းမာရေးနှင့် ပညာရေးဌာန တာဝန်ခံ

၁၉၈၃ ခုနှစ်တွင် KNU ဗဟိုကော်မတီ အစည်းအဝေးတွင် အထွေထွေ အတွင်းရေးမှူး အဖြစ် ရွေးချယ်ခံခဲ့ရပြီး

၁၉၈၃ ခုနှစ် မှ ၁၉၉၉ ခုနှစ်အထိ KNU အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၂၀၀၀ ခုနှစ် KNU ၁၂ ကြိမ်မြောက် ကွန်ဂရက်တွင် KNU ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပြီး

၂၀၀၄ ခုနှစ် KNU ၁၃ ကြိမ်မြောက် ကွန်ဂရက်တွင်လည်း ဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ် ထပ်မံ ရွေးချယ်ခံခဲ့ရသည်။

၂၀၀၈ ခုနှစ် မေလ ၂၂ ရက်နေ့ ကွယ်လွန်ချိန်အထိ KNU၏ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၂၀၀၈ ခုနှစ် မေလ ၂၂ ရက်နေ့ နံနက် ၂ နာရီ အချိန် အသက် ၈၂ နှစ်အရွယ်တွင် ဆီးချိုရောဂါဖြင့် ထိုင်းမြန်မာနယ်စပ် ကရင်တော်လှန်ရေးနယ်မြေ တစ်နေရာတွင် ကွယ်လွန်ခဲ့သည်။

၁၉၈၉ ခုနှစ် မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် DAB စတင်ဖွဲ့စည်း ချိန်တွင် DAB ၏ အလုပ်အမှုဆောင်တစ်ဦး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး

၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ DAB ၏ အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု NDF တွင် သဘာပတိ အဖွဲ့ဝင် အဖြစ် တာဝန်ယူခဲ့သည်။

၂၀၀၀ ခုနှစ် မှ ၂၀၀၈ ခုနှစ် အထိ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု NDF ၏ ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခဲ့သည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၈ ခုနှစ် ကွယ်လွန်ချိန်အထိ တိုင်းရင်းသားလူမျိုးများကောင်စီ ENC ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ် အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB ၏ သဘာပတိ အဖွဲ့ဝင်

၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB ၏ ဒုဥက္ကဋ္ဌ - ၁ တာဝန်ကို ထမ်းဆောင်ခဲ့သည်။



First Karen M.L.Cs  after the reforms scheme



Standing L-R ; Saw Ba Thin Sein, Saw Me Tha, Saw Than Aung, Mahn Ohn Pe Nyunt, Saw Hla Maung, Mahn Ba Zan, Saw Tin Oo, Sgaw Ler Taw, Saw Htoe Kyi, Saw Kyaw Mya Than, Mahn Mya Maung, Saw Kyin Pe

Sitting L-R ; Saw Baldwin Gyi, Saw Myo Thway, Mahn La Pahn, Saw Maung Maung, Saw San Lin, Mahn Ba Saw



ဒေါက်တာ တီသံပြာ



ဆာ စံစီဖိုး




သရာစံဘော်



မန်းဘခင်




စောဘဦးကြီး



မန်းဘဇန်



စကောလယ်တော



သရာသာထို



ဗိုလ်ချုပ်ကြီးစောဘိုမြ



ဗိုလ်ချုပ်ကြီးတာမလာဘော



ပဒိုစောဘသင်စိန်



ဖူးတာအယ်



ပဒိုစံလင်း



ပဒိုသန်းအောင်



ဗိုလ်ချုပ်ကစဲဒို




ဗိုလ်ချုပ်ရွှေဆိုင်း



ပဒိုမန်းရှာလားဖန်း



ဗိုလ်ချုပ်မောင်မောင်



**The marking of the Karen National Day**



## ပဒိုစောဘသင်စိန် (၁၉၂၇-၂၀၀၈)

၁၉၂၇ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အဖ စောဘစိန် နှင့် အမိ နော်သိန်းမြတ်တို့မှ ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမ ၉ ယောက် ရှိသည့် အနက် ဒုတိယမြောက်သား ဖြစ်သည်။

၁၉၄၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကရင် အမျိုးသားရေး လှုပ်ရှားမှု စတင်ချိန်မှစ၍ ကရင့်တော်လှန်ရေး ထဲသို့ ဝင်ရောက်ခဲ့သည်။

၂၀၀၀ ခုနှစ် KNU ၁၂ ကြိမ်မြောက် ကွန်ဂရက်တွင် KNU ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံခဲ့ရပြီး
၂၀၀၄ ခုနှစ် KNU ၁၃ ကြိမ်မြောက် ကွန်ဂရက်တွင်လည်း ဥက္ကဋ္ဌ အဖြစ် ဒုတိယအကြိမ် ထပ်မံ ရွေးချယ်ခံခဲ့ရသည်။ ၂၀၀၈ ခုနှစ် မေလ ၂၂ ရက်နေ့ ကွယ်လွန်ချိန်အထိ KNU၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၂၀၀၈ ခုနှစ် မေလ ၂၂ ရက်နေ့ နံနက် ၂ နာရီ အချိန် အသက် ၈၂ နှစ် အရွယ်တွင် ဆီးချိုရောဂါဖြင့် ထိုင်းမြန်မာနယ်စပ် ကရင် တော်လှန်ရေးနယ်မြေ တစ်နေရာတွင် ကွယ်လွန်ခဲ့သည်။